နှစ်ပတ်လည် အစီရင်ခံစာ ၂၀၁၈
မြန်မာ

Empowered lives.
Resilient nations.

မျက်နှာဖုံး ဓာတ်ပုံ - Andrea Egan

မာတိကာ

စကားဦး	၂
UNDP အကြောင်း တစေ့တစောင်း	၅
မဟာဗျူဟာဦးတည်ချက် အောင်မြင်မှုများ	၇
ငြိမ်းချမ်းရေး နှင့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်	၁၇
ကမ္ဘာမြေနှင့် သာယာဝပြောမှု	၂၅
ကျား-မ တန်းတူညီမျှရေးနှင့် ပဋိပက္ခ သတိချပ်ခြင်းတို့ကို ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်ခြင်း	၃၃
မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှု	၄၁
နယ်မြေအခြေပြု အစီအစဉ်များ ရေးဆွဲခြင်း	၄၇
၂၀၁၉ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းများ	၅၃
ရန်ပုံငွေထောက်ပံ့သည့် ရင်းမြစ်များ	၅၆
ထုတ်ဝေမှုများ	၅၈
အတိုကောက် ဝေါဟာရများ စာရင်း	၅၉

စကားဦး

၂၀၁၈ ခုနှစ်အတွက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP Myanmar) ၏ နှစ်ပတ်လည်အစီရင်ခံစာအား ပြုစုတင်ပြရသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် အထူးပင် ကျေနပ်ဝမ်းမြောက်မိပါသည်။ ယခုနှစ်သည် UNDP အတွက်သာမက မြန်မာနိုင်ငံအတွက်လည်း ထူးခြားသည့် နှစ်တစ်နှစ် ဖြစ်ခဲ့ပါသည်။ UNDP မြန်မာသည် ယင်း၏ နိုင်ငံဆိုင်ရာအစီအစဉ်သစ် (၂၀၁၈-၂၀၂၂ ခုနှစ်) ကို အပြီးသတ်ရေးဆွဲခဲ့ပြီး ဖြစ်ပြီး၊ ၄င်းသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) နှင့် နီးစပ်ကိုက်ညီပါသည်။ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် တံခါးဖွင့် ဈေးကွက် စီးပွားရေး စနစ်များဆီသို့ ဦးတည်သည့် ဘက်စုံ အသွင်ကူးပြောင်းမှုများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အသွင်ကူးပြောင်းမှုများသည် မြို့ပြဒေသများ၌ ဖွံ့ဖြိုးမှု ကိန်းဂဏန်းများ မြင့်မားနေခြင်းနှင့် လျင်မြန်သော ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်နေပြီး၊ ဆန့်ကျင်ဖက်အားဖြင့် ကျေးလက်ဒေသများ၌ ဆင်းရဲနွမ်းပါးမှုများ မြင့်မားစွာ တည်ရှိနေခြင်းဆိုသည့် ရောပြွန်းနေသော ဖွံ့ဖြိုးတိုးတက်မှု အခြေအနေမျိုးတွင် ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

တချိန်တည်းတွင် လက်နက်ကိုင် ပဋိပက္ခများနှင့် နေရပ်စွန့်ခွာမှုများမှာလည်း တိုင်းပြည်တွင်း နေရာအများအပြားတွင် ဖြစ်ပွားနေဆဲ ဖြစ်ပြီး၊ မကြာခဏဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်များကလည်း ရရှိပြီး ဖွံ့ဖြိုးတိုးတက်မှုများကို ဆန့်ကျင်ဖက် အခြေအနေ ကျရောက်စေနိုင်သည့် အန္တရာယ်ကို ဖြစ်ပေါ်စေသည်။ ဤသို့သောအခြေအနေမျိုးတွင် ကျွန်ုပ်တို့သည် ဖော်ပြပါ ဘက်စုံ အသွင်ကူးပြောင်းမှုများနှင့် ကျယ်ပြန့်သော မူဝါဒများ၊ အစီအစဉ်များနှင့် စီမံကိန်းများ ရေးဆွဲဖော်ထုတ် အကောင်အထည်ဖော်ရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအား ပံ့ပိုးကူညီမှုများ ပေးရန် ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်အတွင်း ကျွန်ုပ်တို့၏ နိုင်ငံဆိုင်ရာအစီအစဉ်သစ်ကို စတင် အကောင်အထည်ဖော်ခဲ့ပါသည်။ ဤနိုင်ငံဆိုင်ရာ အစီအစဉ်တွင် အဓိက မျှော်မှန်းရလဒ်ကြီး ၂ ခု ရှိပါသည် - အုပ်ချုပ်ရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့မှုရှိပြီး အားလုံးအကျုံးဝင်သော ဖွံ့ဖြိုးတိုးတက်မှု တို့ဖြစ်သည်။ ရလဒ်ကြီး ၂ ခုလုံးမှာ နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများအပြင် MSDP နှင့်လည်း နီးစပ်ကိုက်ညီမှုရှိပြီး၊ ယင်းသည် အပြန်အလှန်အားဖြင့် ၂၀၃၀ အစီအစဉ် (2030 Agenda) နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG) ၁၇ ခု တို့ကို အခြေခံ၍ ဖော်ထုတ်ထားခြင်းဖြစ်သည်။

ပထမမျှော်မှန်းရလဒ်သည် ပြည်ထောင်စုအဆင့်နှင့် ဒေသန္တရအဆင့် ၂ မျိုးလုံးရှိ အဓိကကျသော အုပ်ချုပ်ရေး လုပ်ငန်းစဉ်ဆိုင်ရာ အဖွဲ့အစည်းများ (ဥပမာ - လွှတ်တော်) အား ပိုမို၍ ဒီမိုကရေစီနည်းလမ်းကျစေရေး၊ ပွင့်လင်းမြင်သာမှု ရှိရေးနှင့် ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စေရေးတို့အတွက် နိုင်မာအားကောင်းအောင် လုပ်ဆောင်ပေးခြင်းကို အဓိကထားပါသည်။ ဒုတိယမျှော်မှန်းရလဒ်သည် ပိုမို၍ အားလုံးအကျုံးဝင်မှုရှိပြီး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု မြှင့်တင်ပေးခြင်းနှင့် ရာသီဥတု ပြောင်းလဲမှု၏ သက်ရောက်မှုများနှင့်အညီ လိုက်လျောညီထွေ နေထိုင်နိုင်သည့် သို့မဟုတ် တုံ့ပြန်နိုင်သည့် မြန်မာနိုင်ငံ၏ စွမ်းရည်အား မြှင့်တင်ပေးခြင်းတို့ကို အဓိက ထားပါသည်။ ၂၀၁၈ ခုနှစ်အတွင်း ကျွန်ုပ်တို့ လုပ်ငန်းများ၏ အရေးကြီးသော အခြေခံအချက်တစ်ခုမှာ MSDP ၏ မူဘောင်အတွင်း SDGs များအား အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဒေသနှင့် ကိုက်ညီအောင် ပြုလုပ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း စသည့် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးကူညီပေးရန် ဖြစ်သည်။

ထောင်ပေါင်းများစွာသော ရိုဟင်ဂျာမွတ်ဆလင်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ အစုလိုက်အပြုံလိုက် ထွက်ခွာသွားမှုနှင့် ဆက်စပ်နေသည့် ရခိုင်ပြည်နယ် ပဋိပက္ခကိုလည်း ၂၀၁၈ ခုနှစ်တွင် ကျွန်ုပ်တို့ အပြည့်အဝ အာရုံစိုက်ခဲ့ပါသည်။ ဂျပန်နိုင်ငံအစိုးရမှ အဓိက ငွေကြေးပံ့ပိုးမှုများဖြင့် UNDP သည် UN Women နှင့်အတူ ၂၀၁၈ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်း၌ နယ်မြေဒေသအခြေပြု အစီအစဉ်သစ်တစ်ခု ဖော်ထုတ်ဆောင်ရွက်ခဲ့သည်၊ ယင်းအစီအစဉ်သစ်သည် အမျိုးသမီးများ၏ စီးပွားရေး စွမ်းရည်မြှင့်တင်ပေးရေးနှင့် လူမှုအသိုင်းအဝိုင်းများအားလုံး အကျိုးခံစားရမှုရှိစေသော အားလုံးအကျုံးဝင်မှုရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကထားပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဒုက္ခသည်များ ပြန်လည်ဝင်ရောက်မှုကို ပံ့ပိုးကူညီရန်အလို့ငှာ ၂၀၁၈ ခုနှစ် ဇွန်လ၌ UNDP ၊ UNHCR နှင့် မြန်မာနိုင်ငံအစိုးရတို့ကြား နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးပြီး နောက်ပိုင်းတွင် UNDP နှင့် UNHCR တို့သည် ရခိုင်ပြည်နယ် မြောက်ပိုင်း၌ လူသားချင်းစာနာရေး-ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးတွဲအစီအစဉ်သစ်တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်လုပ်ဆောင်ခဲ့ကြပါသည်။

၂၀၁၈ ခုနှစ်အတွင်း ကျွန်ုပ်တို့၏ ရုံးသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုစနစ်နှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာပြုပြင် ပြောင်းလဲမှုတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ နှစ်ပေါင်း ၄၀ နီးပါး ကြာမြင့်ပြီးနောက် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး နှင့် UNDP ဌာနေကိုယ်စားလှယ် တို့၏ လုပ်ငန်းများကို သီးခြားစီခွဲထုတ်ပြီး၊ ဌာနေကိုယ်စားလှယ် (Resident Representative) အသစ် (ကျွန်ုပ်တို့၏ ယခင် နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး (Country Director) ပီတာ ဘတ်ချလာ) ကို UNDP မြန်မာအား ဦးစီးဆောင်ရွက်ရန် ခန့်အပ်ခဲ့ပါသည်။ သို့သော် UNDP သည် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးစနစ် တစ်ခုလုံးအား ပံ့ပိုးကူညီမှုပေးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ဆက်လက်ပါဝင် ဆောင်ရွက်သွားမည်ဖြစ်သည် (ဥပမာ - ယင်း၏ "ပေါင်းစည်းဆောင်ရွက်ပေးသူ (integrator)" အခန်းကဏ္ဍအနေဖြင့်)။

ထို့အပြင် နိုင်ငံဆိုင်ရာအစီအစဉ်သစ်နှင့်အညီ ရုံးနှင့် ကျွန်ုပ်တို့၏ ဝန်ထမ်းများ ခန့်ထားဆောင်ရွက်မှု ကိုက်ညီမှုရှိစေရန် ရည်ရွယ်သည့် အရေးပါသော အပြောင်းအလဲဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်း ကိုလည်း ကျွန်ုပ်တို့ရုံးမှ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်က မည်သည်တို့ကို ယူဆောင်လာမည်နည်း? ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအစိုးရအား MSDP အကောင် အထည်ဖော်ခြင်းဆိုင်ရာ ယင်း၏ ကြိုပမ်းအားထုတ်မှုများကို ဆက်လက် ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ ယင်းသို့ဖြင့် အားလုံးအကျုံးဝင်မှုရှိပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိစေရေး မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးစနစ် ပြုပြင်ပြောင်းလဲမှုကို ဆက်လက်ဆောင်ရွက်မည် ဖြစ်ပြီး၊ မြန်မာနိုင်ငံအတွင်းရှိ ကုလသမဂ္ဂအေဂျင်စီများ အားလုံးတို့သည် နေပြည်တော်သို့ ဝန်ထမ်းများနှင့် အရင်းအမြစ်များ ပြောင်းရွှေ့ရေးကို ပိုမိုလုပ်ဆောင်သွားမည်ဖြစ်သည်။ လက်ရှိအချိန်တွင် နေပြည်တော်တွင် ကုလသမဂ္ဂရုံး အသစ်တစ်ရုံး ရှိနေပြီ ဖြစ်သည်။ ကျွန်ုပ်တို့၏ ပြည်တွင်းနှင့် နိုင်ငံတကာမှ မိတ်ဖက်များနှင့် အတူတကွ ပူးပေါင်း၍လည်းကောင်း၊ ကျွန်ုပ်တို့ အလှူရှင်များ၏ ပံ့ပိုးမှုများဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ တွင်း နှစ်ပေါင်း ၅၀ ကျော်ကြာ သမိုင်း အစဉ်အလာကို အခြေခံ၍လည်းကောင်း၊ ပိုမို၍ ငြိမ်းချမ်းပြီး သာယာဝပြောသည့် အနာဂတ်ဆီသို့ မြန်မာနိုင်ငံ၏လျောက်လှမ်းမှုတွင် အခန်းကဏ္ဍတစ်ခုမှ ကျွန်ုပ်တို့၏ ပါဝင်ဆောင်ရွက်မှုကို ဆက်လက် ထိန်းသိမ်း လုပ်ဆောင်သွားရန် ရည်ရွယ်ထားပါသည်။



ကနွတ်အော့စ်ဘီ (Knut Ostby)
UNDP ဌာနေနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး နှင့် UNDP ဌာနေကိုယ်စားလှယ် (ယာယီ)



ပီတာ ဘတ်ချ်လာ (Peter Batchelor)
UNDP နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး နှင့် ဌာနေကိုယ်စားလှယ် (ယာယီ)

ပြည်နယ်/တိုင်းဒေသကြီး ၁၀ ခုအတွင်း မြို့နယ် ၅၆ မြို့နယ်တို့ရှိ UNDP ပံ့ပိုးကူညီမှု လုပ်ငန်းများ



UNDP အကြောင်း တစေ့တစောင်း

အမေရိကန်ဒေါ်လာ
၄၀.၃ သန်း
စုစုပေါင်းရန်ပုံငွေထောက်ပံ့မှု

UNDP ရုံး
တည်နေရာ ၈ နေရာ

ဝန်ထမ်းပေါင်း
၁၉၉ ဦး

ရခိုင်ပြည်နယ်အတွင်း ဆောင်
ရွက်ပေးခဲ့သည့် လုပ်ငန်းများမှ
အကျိုးခံစားခွင့်ရှိသူပေါင်း
၁၇၀၀၀ ဦး

မိတ်ဖက်အဖွဲ့အစည်းများ

အစိုးရဝန်ကြီးဌာနများ ၁၀ ခု
အစိုးရဦးစီးဌာနများ ၁၆ ခု

ပြည်ထောင်စုအဆင့် ရုံးများ
/လွတ်လပ်သော ကော်မရှင်နှင့်
ဘုတ်အဖွဲ့များ ၈ ခု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုနှင့် ပြည်နယ်
/တိုင်းဒေသကြီး လွှတ်တော်များ

NGOS/CSOS အစိုးရ ဌာနဆိုင်ရာများ အပါ
အဝင် အကောင်အထည်ဖော်မှု မိတ်ဖက်
အဖွဲ့များ ၂၂ ဖွဲ့

ကုလသမဂ္ဂ အေဂျင်စီများနှင့် ပူး
တွဲအစီအစဉ်များ ၁၀ ခု

ပုဂ္ဂလိကကဏ္ဍနှင့်
မိတ်ဖက်ဆောင်ရွက်မှု ၁ ဖွဲ့

နေပြည်တော်၌ ကျင်းပသော လွတ်တော်ဖွဲ့ဖြိုးရေးအစည်းအဝေးတွင် အမျိုးသမီး
လွတ်တော်ကိုယ်စားလှယ်တစ်ဦးက သူမ၏ အတွေးအမြင်များကို မျှဝေတင်ပြနေစဉ်

မဟာဗျူဟာဦးတည်ချက်

UNDP နိုင်ငံဆိုင်ရာအစီအစဉ်၏ မဟာဗျူဟာဦးတည်ချက်သည် ၂၀၃၀ အစီအစဉ်နှင့် ယင်း၏ မူဘောင်အတွင်းရှိ SDGs များ အကောင်အထည်ဖော်မှုကို ပံ့ပိုးကူညီပေးရန်အတွက်ဖြစ်ပြီး၊ တရိုန်တည်းတွင် ကဏ္ဍစုံ အသွင်ကူးပြောင်းမှုများ၏ စိန်ခေါ်မှုများအား ကူညီပံ့ပိုးဖြေရှင်းပေးသွားရန် ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် UNDP သည် နိုင်ငံတော်၏ ဦးစားပေး လုပ်ငန်းများနှင့် နီးစပ်ကိုက်ညီမှုရှိသည့် နိုင်ငံဆိုင်ရာအစီအစဉ်သစ်တစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ယင်းအစီအစဉ်သည် လာမည့်နှစ်များအတွင်း ကျယ်ပြန့်သည့် အကျိုးသက်ရောက်မှုများ ရရှိရန် UNDP အား အထောက်အကူပြုမည်ဖြစ်ပါသည်။

နိုင်မာအားကောင်းသော မိတ်ဖက်မူးပေါင်းဆောင်ရွက်မှု

UNDP သည် မြန်မာနိုင်ငံအစိုးရအဖွဲ့အစည်းအဆင့်ဆင့် (ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီး နှင့် မြို့နယ်) နှင့် ခိုင်မာ အားကောင်းသော ဆက်ဆံရေးများ ရှိပါသည်။ အဆိုပါ နှိုင်းယှဉ်အကျိုးကျေးဇူးကြောင့် ပြည်သူအားလုံးတို့အား အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများ တိုးမြှင့်ပေးနိုင်သည့် စွမ်းရည်များနှင့်အတူ ပိုမိုအားကောင်းသည့် ဒီမိုကရေစီနည်းကျ အဖွဲ့အစည်းများနှင့် ပိုမို၍ အားလုံးအကျုံးဝင်မှုရှိသော နိုင်ငံတော်တစ်ခု ဖြစ်ပေါ်စေရေး ပံ့ပိုးပေးနိုင်သည့် ထူးခြားသည့်အနေအထားတစ်ရပ်ကို ကျွန်ုပ်တို့အနေဖြင့် ရရှိပါသည်။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ စီမံအုပ်ချုပ်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးတို့သည် နီးကပ်စွာ အပြန်အလှန် ဆက်စပ်လျက်ရှိပါသည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိရန်အတွက် နိုင်ငံရေးအရ ညှိနှိုင်းဆွေးနွေးခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းတို့ လိုအပ်ပါသည်။ အမျိုးသားရေး စရိုက်လက္ခဏာ၊ နိုင်ငံသားဖြစ်ခြင်းနှင့် သဘာဝသယံဇာတများထိန်းချုပ်မှု စသည့်တို့နှင့် စပ်လျဉ်းသည့် အရေးကြီးသော ပြဿနာများကို ဖြေရှင်းရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံအစိုးရသည် တာဝန်ယူမှု/တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့အား မြှင့်တင်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ပေါင်းစပ်မူဝါဒစီမံကိန်းများရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် လေ့လာသုံးသပ်ခြင်းတို့အတွက် စွမ်းရည်များ မြှင့်တင်ပေးခြင်းတို့ဖြင့် နိုင်ငံအတွင်း ဒီမိုကရေစီနည်းလမ်းကျ အဖွဲ့အစည်းများ ခိုင်မာအားကောင်းလာရေးကို တာဝန်ယူဆောင်ရွက်နေပါသည်။

တရားစီရင်ရေး ကဏ္ဍအနေဖြင့် အဖွဲ့အစည်း စွမ်းရည်ဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပြီး၊ တရားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ တရားဥပဒေ စိုးမိုးမှု ခိုင်မာ အားကောင်းရေးနှင့် အားလုံးအတွက် တရားမျှတမှု လက်လှမ်းမီရရှိရေးကို မြှင့်တင်ပေးရေးတို့အား အဓိကထား ဆောင်ရွက်နေပါသည်။ နိုင်ငံတော်အနေဖြင့် လူအခွင့်အရေးဆိုင်ရာ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် လူကုန်ကူးခံရသူများဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်းများစွာကို အတည်ပြု လက်ခံထားပါသည်။ အစိုးရ၏ မဂ္ဂိုဇ်ကြီး ၃ ခုလုံးရှိ အုပ်ချုပ်စီမံမှုဆိုင်ရာ အဖွဲ့အစည်းများ အထူးသဖြင့် အဆင့်မြင့်ရာထူးအဆင့်များတွင် အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်မှု နည်းပါးနေဆဲဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်း အခြေအနေသည် ရှုပ်ထွေးမှုရှိပြီး၊ မြန်မာနိုင်ငံအစိုးရသည် ၂၀၁၆ ခုနှစ်စက်တင်ဘာလ၌ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်းဖြစ်သူ ကိုဖီအာနန် ဦးဆောင်သည့် အကြံပေးကော်မရှင်ကို တည်ထောင်ခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွင်း ပံ့ပိုးကူညီမှုများ ပေးအပ်ခြင်းသည် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။

စီးပွားရေးဘက်တွင် မြန်မာနိုင်ငံသည် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများအရ အတော်ပင် ခိုင်မာအားကောင်းသည့် တိုးတက်မှု အရှိန်အဟုန် ရရှိနေပါသည်၊ တစ်ချိန်တည်းတွင် မက်ခရို စီးပွားရေးဆိုင်ရာ မတည်ငြိမ်မှုနှင့် ကျဆင်းမှုဖြစ်နိုင်ခြေ

ဓာတ်ပုံအညွှန်းစာ
MSDP အကောင်အထည်ဖော်မှုအား UNDP အနေဖြင့် မည်သို့ ပိုမိုအထောက်အကူပြုနိုင်မည်ကို ဆွေးနွေးရန်အတွက် UNDP သည် ပြည်ထောင်စုအစိုးရ၊ လွှတ်တော်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပထမအကြိမ် နိုင်ငံဆိုင်ရာ အစီအစဉ်ဘုတ်အဖွဲ့ အစည်းအဝေးကို ကျင်းပခဲ့သည်။

အန္တရာယ်၏ ခြိမ်းခြောက်မှုကိုလည်း ရင်ဆိုင်နေရပါသည်။[1] စိုးရိမ်ဖွယ်ရာတစ်ခုမှာ ဖွံ့ဖြိုးမှုသည် ကျယ်ပြန့်သည့် မြို့ပြဇရိယာများ၏ လူဦးရေ အနည်းငယ်တို့တွင်သာ အဓိက ကျရောက်နေခြင်း (ကျေးလက်ဒေသများတွင် ဆင်းရဲနွမ်းပါးမှုသည် မြို့ပြဒေသများထက် များစွာ ပိုမိုမြင့်မားနေဆဲဖြစ်သည်) နှင့် ဤဖွံ့ဖြိုးတိုးတက်မှု အများစုသည် လူမှုအသိုင်းအဝိုင်းများအတွက် အလုပ်အကိုင် ဖန်တီးပေးမှု မရှိသည့်အပြင် သဘာဝ ပတ်ဝန်းကျင်အပေါ်တွင် ဝန်ထုပ်ဝန်ပိုး ကျရောက်စေသည့်တွင်းထွက်သယံဇာတထုတ်လုပ်မှု လုပ်ငန်းများ (ဥပမာ - ရေနံနှင့် သဘာဝဓာတ်ငွေ့) မှ ဖြစ်ပေါ်လာခြင်းတို့ ဖြစ်သည်။

သစ်တောခုတ်ထွင်မှု၊ ကြီးမားသည့် အတိုင်းအတာဖြင့် တွင်းထွက်တူးဖော်မှုနှင့် တိုးတက်များပြားလာသော မြို့ပြ တည်ဆောက်မှုတို့သည် သဘာဝသယံဇာတများ၏ ရေရှည်တည်တံ့မှုကို ခြိမ်းခြောက်လျက်ရှိသည်။ တိုင်းပြည်လူဦးရေ အများစုနှင့် စီးပွားရေး လုပ်ငန်းများသည် ဆင်းရဲနွမ်းပါးမှု အဆင့်မြင့်မားပြီး၊ တုံ့ပြန်နိုင်မှု စွမ်းအားနည်းပါးသည့် ဘေးအန္တရာယ် သက်ရောက်နိုင်ခြေရှိသော ကမ်းရိုးတန်းဒေသများနှင့် အလယ်ပိုင်း ခြောက်သွေ့ဒေသများတွင် စုစည်းတည်ရှိနေကြသည်။ မြေငလျင်များသည် အထူးသဖြင့် စဉ်ဆက်မပြတ် တိုးပွားလာနေသော မြို့ပြနေရာများနှင့် စီးပွားရေး အချက်အခြာကျသည့်နေရာများတွင် နောက်ထပ် ဘေးအန္တရာယ်များ ကျရောက်စေနိုင်သည့် အခြေအနေကို ဖြစ်ပေါ်စေပါသည်။ နိုင်ငံ၏ ငလျင်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုကို ပိုမိုအားကောင်းအောင် လုပ်ဆောင်ရန် လိုအပ်ပါသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း (၂၀၁၈ ခုနှစ်) ၌ ၁၈၉ နိုင်ငံအနက် အဆင့် ၁၄၈ ၌ ရပ်တည်နေပါသည်။ ယင်းသည် မကြာသေးမီနှစ်များအတွင်း အနည်းငယ် မြင့်မားလာသည့် အခြေအနေဖြစ်သည်၊ သို့သော် အခြားသော အိမ်နီးချင်း ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများထက် နိမ့်ကျနေဆဲဖြစ်သည်။ လွန်ခဲ့သောနှစ်များအတွင်း ရရှိခဲ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် ကဲ့သို့သော ဆင်းရဲသည့် ပြည်နယ်များအား အချိုးညီမျှစွာ အကျိုးကျေးဇူးခံစားရမှု မရှိစေခဲ့သည်မှာလည်း ထင်ရှားပါသည်။ ဤအခြေအနေကို ပြောင်းလဲရန် လိုအပ်ပါသည်။

1 https://www.worldbank.org/en/country/myanmar/publication/myanmar-economic-monitor-december-2018

နိုင်ငံဆိုင်ရာအစီအစဉ်နှင့် MSDP ကိုက်ညီမှုရှိခြင်း

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၂၀၁၈ -၂၀၃၀ သည် ငြိမ်းချမ်း၊ သာယာဝပြောပြီး၊ ဒီမိုကရေစီထွန်းကားသော နိုင်ငံတစ်ခု အဖြစ်သို့ မည်သို့ အသွင်ကူးပြောင်းသင့်သည် ဆိုသည့် မြန်မာနိုင်ငံ၏ ရေရှည်မျှော်မှန်းချက် ဖြစ်သည်။ ယင်းသည် 2030 Agenda တွင်ပါဝင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ရည်မှန်းချက်ပန်းတိုင် (SDG) ၁၇ ခုလုံး နှင့် SDG ပန်းတိုင် ၁၆၉ ခုအနက် ၇၉ ခုတို့ကို အတည်ပြု လက်ခံထားပါသည်။ ဤစီမံကိန်းသည် ၂၀၁၆ ခုနှစ် အမျိုးသားစီးပွားရေး မူဝါဒနှင့် ကိုက်ညီမှုရှိပြီး၊ လုပ်ငန်းစဉ်ပေါင်း ၁၅၁ ခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။ အဆိုပါ လုပ်ငန်းစဉ်များသည် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် ကျား-မ တန်းတူညီမျှမှုရှိရေး ကဲ့သို့သော ကဏ္ဍအားလုံးနှင့် ဆက်စပ်မှုရှိသည့် ပြဿနာများကို ဖြေရှင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

UNDP မြန်မာ၏ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် UNDP မဟာဗျူဟာ စီမံကိန်း (၂၀၁၈-၂၀၂၁ခုနှစ်)၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအကူအညီ အခြေခံမူဘောင် (UNDAF) နှင့် မြန်မာနိုင်ငံအတွက် နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ်(CPD) (၂၀၁၈-၂၀၂၂ခုနှစ်) တို့က လမ်းညွှန်မှု ပေးပါသည်။ နိုင်ငံ ဆိုင်ရာ လုပ်ငန်းအစီအစဉ်သည် SDG ဆိုင်ရာ ရေရှည်အစီအစဉ်ကို အခြေခံထားခြင်း ဖြစ်သဖြင့် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာသည် သဘောသဘာဝအားဖြင့် ကုလသမဂ္ဂ၏ လမ်းပြမြေပုံကို အခြေခံထားသည့် MSDP နှင့် နီးစပ် ကိုက်ညီမှုရှိပါသည်။ CPD သည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၏ ပန်းတိုင် ၅ ခုအနက် ၃ ခုနှင့် နီးစပ် ကိုက်ညီမှု ရှိပါသည် -

ပန်းတိုင် (၁) ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေး

ပန်းတိုင် (၃) အလုပ်အကိုင် ဖန်တီးရေးနှင့် ပုဂ္ဂလိက ကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးမှု

ပန်းတိုင် (၅) နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်

၂၀၁၈ - ၂၀၂၂ ခုနှစ်အတွက် နိုင်ငံဆိုင်ရာ အစီအစဉ်သည် အောက်ပါ ကဏ္ဍများ အကျုံးဝင်ပါသည် -

- ပြည်သူများ၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးမည့် အထောက်အထားအခြေပြု မူဝါဒများနှင့် စနစ်များ ဖော်ထုတ် အကောင်အထည်ဖော်ပေးသည့် ထိရောက်မှုရှိသော အစိုးရ အဖွဲ့အစည်းများ၊
- နိုင်ငံဝန်ထမ်း မူဝါဒများ၊ စနစ်များနှင့် ပိုမို ကောင်းမွန်လာသော မဟာဗျူဟာကျသည့် လူသားအရင်းအမြစ် စီမံခန့်ခွဲမှုတို့ တိုးတက်ဖြစ်ပေါ်လာစေခြင်း၊
- ငြိမ်းချမ်းရေးနှင့် လူမှုသဟဇာတဖြစ်မှုကို ရေရှည်တည်တံ့ခိုင်မြဲ စေရန် လုပ်ငန်းယန္တရားများ၊ အဖွဲ့အစည်းများနှင့် စွမ်းရည်များ မြှင့်တင်ပေးခြင်း၊
- နိုင်ငံတော်၏ တရားဝင် ဖြစ်တည်မှု (Legitimacy) ခိုင်မာ အားကောင်း စေခြင်းနှင့် တရား စီရင်မှုနှင့် လူ့အခွင့်အရေးများ
- လက်လှမ်းမီမှု မြင့်မားလာခြင်းတို့ကို ဦးတည်စေမည့် တိုးတက် လာသော တာဝန်ယူမှု/ တာဝန်ခံမှု၊ ရိုးသားဖြောင့်မတ်မှုနှင့် စောင့်ကြည့်လေ့လာမှုတို့ တိုးတက်ဖြစ်ပေါ်လာစေခြင်း၊
- ဒေါင်လိုက်ရန်ပုံငွေများနှင့် အစီအစဉ်များ အပေါ်တွင် အခြေခံ၍ လုပ်ဆောင်သော အားလုံး အကျုံးဝင်မှုရှိသော၊ ခံနိုင်ရည် စွမ်းအားရှိသော၊ ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု မြှင့်တင်ပေးခြင်း၊
- အားလုံးအကျုံးဝင်သော ဘဏ္ဍာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း၊

UNDP ၏ နိုင်ငံဆိုင်ရာအစီအစဉ်သည် SDG ပန်းတိုင်များ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (ပန်းတိုင် ၁၊ ၃၊ ၅) တို့နှင့် ဆီလျော်မှုရှိသည်။



UNDP

• CPD အကျိုးရလဒ် (၁) ငြိမ်းချမ်းရေးနှင့် အုပ်ချုပ်ရေး

မြန်မာနိုင်ငံရှိ ပြည်သူများသည် ပိုမိုၜ ဒီမိုကရေစီနည်းလမ်းကျပြီး တာဝန်ယူမှု /တာဝန်ခံမှုရှိသော အဖွဲ့အစည်းများက အုပ်ချုပ်ပြီး၊ လူအခွင့်အရေးနှင့် တရားဥပဒေစိုးမိုးမှု အကာအကွယ်ပေးခြင်းတို့မှ ပိုမိုၜ အကျိုးကျေးဇူးများ ရရှိခံစားကြရကာ ပိုမိုငြိမ်းချမ်းပြီး အားလုံးအကျုံးဝင်မှုရှိသော လူအဖွဲ့အစည်းတွင် နေထိုင်ကြသည်။

• CPD အကျိုးရလဒ် (၂)

ကမ္ဘာမြေနှင့် သာယာဝပြောမှု - ၂၀၂၂ ခုနှစ်အရောက်တွင် မြန်မာနိုင်ငံအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝသော သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် သဘာဝသယံဇာတများ စဉ်ဆက်မပြတ်အသုံးပြုနိုင်မှုတို့ဖြင့် ရာသီဥတုနှင့် ဘေးအန္တရာယ်တို့ကို ပိုမိုၜ ကြံ့ကြံ့ခံနိုင်စွမ်း ရှိလာမည်ဖြစ်သည်။

မည်သူမျှ မကျန်ခဲ့စေရေး အခြေခံမူနှင့်အညီ နိုင်ငံဆိုင်ရာ အစီအစဉ်သစ်သည် ထိခိုက်ခံစားလွယ်သူများ (ပဋိပက္ခ/အကြမ်းဖက်မှုများ၊ ရာသီဥတုနှင့် ဘေးအန္တရာယ်များ စသည် တို့နှင့် ထိတွေ့ခံစားရသူများ) နှင့် လုံလောက်မှု မရှိသော စီးပွားရေး အခွင့်အလမ်းများနှင့် ပြည်သူဝန်ဆောင်မှုများ အနည်းငယ်သာ ရရှိခြင်းကြောင့် အခွင့်အလမ်း နည်းပါးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးအတွက် နိုင်ငံတော်ဘက်မှ တာဝန်ရှိသူများ၏ စွမ်းရည်များ မြှင့်တင်ပေးခြင်းကို အဓိက ထားသည်။

UNDP သည် ယင်း၏ ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည် ဖော်ရန်အတွက် နယ်မြေဒေသအခြေပြု နည်းလမ်း (area-based approach) ကို အသုံးပြုပါသည်။ ယင်းနည်းလမ်းသည် အဖွဲ့အစည်းဆိုင်ရာ ထိရောက်မှုရှိခြင်းနှင့် အကျိုးခံစားမှု ရရှိစေချင်သူများ၏ လိုအပ်ချက်များကို တုန့်ပြန်ဖြည့်ဆည်း ပေးခြင်းဆိုင်ရာ မျော်မှန်းထားသော အကျိုးသက်ရောက်မှုများအား ဆန်းစစ်ရာတွင် အရေးကြီးသည့် နည်းလမ်းတစ်ခုဖြစ်သည်။ အဆိုပါ ပုံစံ၌ ကျွန်ုပ်တို့သည် တိုင်းပြည်၏ ဖွံ့ဖြိုးရေးအလားအလာ ကောင်းများကို ဖော်ထုတ်ရာတွင် UNDP ၏ စီမံကိန်းများ အားလုံးကို ပေါင်းစပ်စွမ်းအား ဖန်တီးရန် ဂရုတစိုက်ရွေးချယ်ထားသော နယ်မြေဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့ လုပ်ကိုင်ဆောင်ရွက်နေသော ပြည်နယ်/တိုင်းဒေသကြီး များကို ရွေးချယ်ရာတွင် ယခင် အတွေ့အကြုံများနှင့် SDG နှင့် ဆက်စပ်နေသော အစီအစဉ်များရေးဆွဲခြင်းကို တိုးတက်မှုရရှိစေရန် အခွင့်အလမ်းအသစ်များ အပေါ်တွင် အခြေခံ လုပ်ဆောင်ပါသည်။

၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ UNDP ဌာနေရုံးသည် အရေးပါသော ပြောင်းလဲမှုများ တွေ့ကြုံဖြတ်သန်းခဲ့ပါသည်။ ယခင် နိုင်ငံ ဆိုင်ရာ အစီအစဉ်မှ လေ့လာသိရှိခဲ့သော သင်ခန်းစာများအရ လည်းကောင်း၊ ကုလသမဂ္ဂနှင့် UNDP တို့၏ ပြုပြင်ပြောင်းလဲမှု များအရ လည်းကောင်း ဌာနေရုံးကို ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ထမ်းသစ် ၁၁၇ ဦး ခန့်ထားခြင်း၊ နေပြည်တော်တွင် (One UN office အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့်) ရုံးသစ်တစ်ခု တည်ထောင်ခြင်း၊ နိုင်ငံဆိုင်ရာ အစီအစဉ်သစ် (၂၀၁၈-၂၀၂၂) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ရှေ့ပြေးစမ်းသပ် စီမံကိန်း ၅ ခုတို့အား ဖြန့်ကျက်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။

UNDP သည် မိမိကိုယ်တိုင်၏ လုပ်ကိုင်ဆောင်ရွက်ပုံနည်းလမ်း ကိုလည်း အကဲဖြတ်သုံးသပ်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်မှုက နယ်မြေဒေသ အခြေပြုနည်းလမ်းနှင့် ရှေ့ပြေးစမ်းသပ်စီမံကိန်း ၅ ခု တို့အား စတင်မိတ်ဆက်ဆောင်ရွက်မှုကို ဖြစ်ပေါ်လာစေရုံ သာမက၊ မိတ်ဖက်အဖွဲ့အစည်းများစွာ တို့နှင့် ပြောင်းလွယ် ပြင်လွယ် လုပ်ဆောင်နိုင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် ခိုင်မြဲစေမှု တို့ကို ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် ကျွန်ုပ်တို့၏ အစီအစဉ် ပံ့ပိုးမှု လုပ်ငန်းများသည်လည်း ပိုမိုရှု လျင်မြန်သွက်လက်မှု၊ ထိရောက်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှုတို့ ရှိစေပါသည်။ UNDP သည် အနာဂတ်ကို အလေးထား ကြည့်ရှုဆောင်ရွက်ပါသည်။ နိုင်ငံတော်မှ တာဝန်ယူဆောင်ရွက်မှုနှင့် ရေရှည်တည်တံ့ ခိုင်မြဲမှုဆိုင်ရာ UNDP ၏ ကတိကဝတ်ပြု ဆောင်ရွက်မှု၏ အစိတ်အပိုင်း တစ်ခုအနေဖြင့်လည်းကောင်း၊ UNDP စီမံကိန်းများ၏ အကြောင်းအရာ အချက်အလက်များ တိုးတက်မှုရှိစေရန်အတွက် လည်းကောင်း နိုင်ငံဝန်ထမ်းများနှင့် ဒေသန္တရမိတ်ဖက်များ၏ စွမ်းရည်များ မြှင့်တင်ရေးအတွက်လည်းကောင်း UNDP က အလေးထား ဆောင်ရွက်နေပါသည်။

စံနမူနာပြစီမံကိန်း
၅ ခု

လုပ်ငန်းအစီအစဉ် နယ်ပယ်များ	ဦးစားပေးကဏ္ဍ
အုပ်ချုပ်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး	• အဓိကကျသော အစိုးရလုပ်ငန်းများနှင့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်များ • ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှု • အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တာဝန်ယူမှု/တာဝန်ခံမှု၊ လွှတ်တော်ဆိုင်ရာ စောင့်ကြည့်ထိန်းကျောင်းမှုနှင့် ကိုယ်စားပြုမှု၊ တရားဥပဒေစိုးမိုးရေး • ဒေသန္တရအုပ်ချုပ်ရေး၊ အဖွဲ့အစည်းများ ခိုင်မာအားကောင်းစေခြင်း၊ ဘဏ္ဍာရေး ဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျော့ချရေး၊ ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များနှင့် ပြည်သူပါဝင်မှုရှိသော၊ တုံ့ပြန်ဖြည့်ဆည်းပေးမှုရှိသော ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း • ငြိမ်းချမ်းရေး ရေရှည်တည်တံ့အောင် ဆောင်ရွက်ခြင်း၊ အားလုံးပါဝင်မှုရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မြှင့်တင်ရေးအတွက် စွမ်းရည်များ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အထောက်အကူပြုစေရန် စွမ်းရည်မြှင့်တင်ပေးခြင်းဖြင့် လူမှုအသိုင်းအဝိုင်း ပေါင်းစည်းမှုနှင့် ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့စေခြင်း • အဖွဲ့အစည်းဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် နည်းပညာဆိုင်ရာ စွမ်းရည်မြှင့်တင်ပံ့ပိုးမှု • ထောက်ပံ့ကူညီမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု
ရေရှည်တည်တံ့ပြီး အားလုံးအကျုံးဝင်မှုရှိသော ဖွံ့ဖြိုးတိုးတက်မှု	• သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် မူဝါဒ • ရာသီဥတုပြောင်းလဲမှု လျော့ပါးရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထေခြင်း • ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးထားသည့် နယ်မြေ (ကုန်းမြေနှင့် ပင်လယ်ပြင်) ပေါင်းစပ်စီမံခန့်ခွဲမှု • ကြံ့ကြံ့ခံနိုင်စွမ်း မြှင့်တင်ပေးခြင်းနှင့် ဘေးအန္တရာယ်လျော့ချရေး • ကျေးလက်ဒေသ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် • အငယ်စား၊ အသေးစားနှင့် အလယ်အလတ်အဆင့် စီးပွားရေးလုပ်ငန်းများ၏ စွမ်းရည် မြှင့်တင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အမျိုးသမီးများ၏ စွမ်းရည် မြှင့်တင်ပေးခြင်း

မျော်မှန်းအကျိုးရလဒ်များ

UNDP မှ ဆောင်ရွက်နေသော လုပ်ငန်းများသည် မြန်မာနိုင်ငံရှိ ပြည်သူများ အားလုံးတို့၏ ဘဝများ တိုးတက်ကောင်းမွန်ရေးကို အဓိကရည်မှန်းပါသည်။ထို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြရလျင် ကျွန်ုပ်တို့၏ နိုင်ငံဆိုင်ရာ အစီအစဉ်သစ်၏ ရလဒ်သည် မည်သည့်အရာ ဖြစ်မည်နည်း။ ၅ နှစ်တာကာလ အဆုံးတွင် မျော်မှန်းထားသည့် အဓိက မျော်မှန်းရလဒ်ကြီး ၂ ခုတို့မှာ -

- **CPD အကျိုးရလဒ် (၁) ငြိမ်းချမ်းရေးနှင့် အုပ်ချုပ်ရေး** မြန်မာနိုင်ငံရှိ ပြည်သူများသည် ပိုမို၍ ဒီမိုကရေစီနည်းလမ်းကျပြီး တာဝန်ယူမှု/ တာဝန်ခံမှုရှိသော အဖွဲ့အစည်းများက အုပ်ချုပ်ပြီး လူအခွင့်အရေးနှင့် တရားဥပဒေစိုးမိုးမှု အကာအကွယ်ပေးခြင်းတို့မှ ပိုမို၍ အကျိုးကျေးဇူးများ ရရှိခံစားကြရကာ ပိုမိုငြိမ်းချမ်းပြီး အားလုံးအကျုံးဝင်မှုရှိသော လူအဖွဲ့အစည်းတွင် နေထိုင်ကြသည်။

- **CPD အကျိုးရလဒ် (၂) ကမ္ဘာမြေနှင့် သာယာဝပြောမှု** - ၂၀၂၂ ခုနှစ်အရောက်တွင် မြန်မာနိုင်ငံအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် သဘာဝသယံဇာတများ စဉ်ဆက်မပြတ် အသုံးပြုနိုင်မှုတို့ဖြင့် ရာသီဥတုနှင့် ဘေးအန္တရာယ်တို့ကို ပိုမို၍ ကြံ့ကြံ့ခံနိုင်စွမ်းရှိလာမည်ဖြစ်သည်။

လွန်ခဲ့သော နှစ်အတွင်း ချမှတ်ခဲ့သည့် အခြေခံလုပ်ငန်းဖြင့် လက်ရှိအချိန်တွင် UNDP သည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ လူမှုအသိုင်းအဝိုင်းများ အားလုံးထံသို့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီစနစ်များ ဖော်ဆောင်ပေးရာတွင် မြန်မာနိုင်ငံအစိုးရအား အပြည့်အဝ ပံ့ပိုးကူညီမှုပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

စိန္တမူနာပြစီမံကိန်း ၅ ခု

ထိရောက်၍ တုံ့ပြန်ဆောင်ရွက်ပေးနိုင်သော အဖွဲ့အစည်းများ ဖြစ်ရေး ကူညီပံ့ပိုးမှု စီမံကိန်း (SERIP)

SERIP သည် ၅ နှစ်တာ လုပ်ငန်းစဉ်ဖြစ်ပြီး မြန်မာပြည်သူများ၏ လိုအပ်ချက်များနှင့် ပြင်းပြသော ဆန္ဒများအား နားလည်စေသော နိုင်ငံတော် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ထိရောက်မှုကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ရည်မှန်းချက်ပန်းတိုင် (SDG) အညွှန်းကိန်းများကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အကောင်အထည်ဖော်မှု မူဘောင်ထဲတွင် ပါဝင်မှုရှိခြင်းကို SERIP သည် သေချာစေရန် ဆောင်ရွက်ပါသည်။ ဤစီမံကိန်းက ထိရောက်သော မူဝါဒချမှတ်ခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုပေးခြင်းတို့ကို အထောက်အကူ ဖြစ်စေရန် အစိုးရ၏ လုပ်ငန်းများ ခိုင်မာအားကောင်းရေးအတွက် ပြည်ထောင်စုနှင့် ဒေသန္တရအဖွဲ့အစည်းများကြား ပိုမိုခိုင်မာအားကောင်းသည့် ချိတ်ဆက်ဆောင်ရွက်မှုများ ရှိစေရေးကို ဆောင်ရွက်ပေးသည်။ ဤစီမံကိန်းတွင် အဓိက ဆောင်ရွက်မည့် လုပ်ငန်း နယ်ပယ် ၄ ခုရှိသည် - ဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များ၊ မူဝါဒရေးရာ စီမံခန့်ခွဲမှု၊ လွှတ်တော်ဆိုင်ရာ ဥပဒေပြုခြင်း နှင့် ဒေသန္တရ အဆင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ် တို့ဖြစ်သည်။

တာဝန်ယူမှု/တာဝန်ခံမှု နှင့် တရားဥပဒေစိုးမိုးမှု ခိုင်မာအားကောင်းစေခြင်း (SARL)

တာဝန်ယူမှု/တာဝန်ခံမှု၊ တရားစီရင်ရေးဆိုင်ရာ လက်လှမ်းမီမှုနှင့် တရားဥပဒေ စိုးမိုးမှုစနစ်များ ခိုင်မာအားကောင်းအောင် ဆောင်ရွက်ရာတွင် SARL က မြန်မာနိုင်ငံအစိုးရအား အကူအညီပေးရန် ရည်ရွယ်သည်။ ဤစီမံကိန်းက အစိုးရ မဂ္ဂိုဇ် ၃ ရပ်လုံး၏ အဆင့်များအားလုံးကို အထောက်အကူပြုသည်။ UNDP သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (ACC) ကို ပိုမိုခိုင်မာအားကောင်းအောင် ပံ့ပိုးကူညီပေးခြင်းနှင့် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ ကိုလည်း ၎င်းတို့၏ စောင့်ကြည့်လေ့လာမှုနှင့် စွမ်းရည်များ တိုးတက်ကောင်းမွန်လာအောင် ပံ့ပိုးကူညီခြင်းတို့ လုပ်ဆောင်ပါသည်။ SARL သည် ပြည်ထောင်စုရှေ့နေချုပ်ရုံး (UAGO)၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် မြန်မာ့အမျိုးသားလူ့အခွင့်အရေး ကော်မရှင် (MNHRC) တို့နှင့် ပူးပေါင်း၍ တရားစီရင်ရေးနှင့် လူ့အခွင့်အရေးများ တိုးတက်ကောင်းမွန်အောင်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် ခေါင်းဆောင်မှု၊ ထိရောက်မှု၊ လိုက်လျောညီထွေရှိမှုနှင့် လုပ်ငန်းကျွမ်းကျင်မှု (LEAP) စီမံကိန်း

LEAP စီမံကိန်းသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ (UCSB) နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်း ကဏ္ဍတွင် အခြေခံကျသော ပြောင်းလဲမှုများ ဖြစ်ပေါ်စေသည်။ ဤစီမံကိန်းသည် မြန်မာနိုင်ငံ၏ ဝန်ထမ်းများအနေဖြင့် ပိုမိုများပြားသည့် ပြည်သူများ၊ ဝန်ဆောင်မှုများနှင့် ရလဒ်အခြေပြုသည့် လုပ်ဆောင်မှုများ ဖြစ်ပေါ်စေခြင်းဖြင့် မြန်မာနိုင်ငံ အစိုးရအား ၎င်း၏ မျော်မှန်းချက်ဖြစ်သည့် "ပြည်သူများ ပါဝင်ဆောင်ရွက်မှုနှင့် ပြည်သူများ၏ ယုံကြည်မှု မြှင့်တင်ပေးခြင်းဖြင့် ကျင့်ဝတ်အပေါ် အခြေခံသော၊ အရည်အချင်းအပေါ်အခြေခံသော၊ အားလုံးအကျုံးဝင်မှုရှိသော၊ တုံ့ပြန်ဖြည့်ဆည်းပေးမှုရှိသော နိုင်ငံဝန်ထမ်းစနစ် ဖြစ်ပေါ်ရေး" ကို ပံ့ပိုးကူညီမှုပေးရန် ရည်ရွယ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းများနှင့်စနစ်များကို ပြန်လည်သုံးသပ်၍ ခေတ်မီအောင် ပြုလုပ်ခြင်းဖြင့်လည်းကောင်း၊ အရည်အချင်းအလိုက် ချီးမြှောက်ခြင်း၊ ကျင့်ဝတ်များ၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု/တာဝန်ခံမှုနှင့် အားလုံးအကျုံးဝင်မှုတို့ကို မြှင့်တင်ပေးသည့် စီမံခန့်ခွဲမှုဆိုင်ရာ ကျင့်စဉ်များအား မိတ်ဆက်ပေးခြင်းဖြင့်လည်းကောင်း၊ စွမ်းဆောင်ရည်နှင့် လျှို့ဆော်မှုတို့ မြှင့်တင်ပေးခြင်းဖြင့် ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်ကောင်းမွန်စေခြင်းဖြင့်လည်းကောင်း၊ ပြည်ထောင်စုအဆင့်နှင့်ဒေသန္တရ အဆင့်တို့၌ ရှေ့ပြေးစီမံကိန်းများ ပုံစံဖြင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍစီမံခန့်ခွဲမှု လုပ်နည်းလုပ်ဟန်များ ဗဟိုချုပ်ကိုင်မှု လျော့ချမှုကို အထောက်အကူပြုပေးခြင်းဖြင့် လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်သည်။

မြို့နယ်အဆင့် ဒီမိုကရေစီနည်းကျဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် (TDLG)

ရွေးကောက်ခံ ကိုယ်စားလှယ်များမှတစ်ဆင့် နှစ်စဉ် မြို့နယ်စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို ဒေသခံပြည်သူများမှ လွှမ်းမိုးမှု ပြုလုပ်နိုင်စေရန်အတွက် ပြောရေးဆိုခွင့်ပေးခြင်းဖြင့် TDLG သည် ဒီမိုကရေစီနည်းကျ ဒေသန္တရအုပ်ချုပ်ရေး လုပ်ငန်းကို ပံ့ပိုးကူညီမှုများပေးပါသည်။ ဤစီမံကိန်းမှ တိုင်းပြည်၏ ဗဟိုချုပ်ကိုင်မှု လျော့ချရေးအစီအစဉ်ကို မြှင့်တင်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အစိုးရအတွက် ဒီမိုကရေစီနည်းကျ ဒေသန္တရအုပ်ချုပ်ရေး လုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည်။ မြို့နယ်များသို့ ထောက်ပံ့ငွေများ ပေးအပ်ရခြင်း၏ အဓိက ရည်မှန်းချက်မှာ အားလုံးအကျုံးဝင်မှုရှိသော၊ တာဝန်ယူမှု/ တာဝန်ခံမှုရှိသော၊ ပွင့်လင်းမြင်သာမှု ရှိသောပုံစံဖြင့် ပြည်သူများအား အခြေခံ ဝန်ဆောင်မှုများကို ထိရောက်မှုရှိစွာနှင့် စွမ်းဆောင်ရည် ပြည့်ဝစွာပေးသည့် တုံ့ပြန်ဖြည့်ဆည်းပေးမှုရှိသည့် စနစ်ကျသော မြို့နယ်အုပ်ချုပ်ရေး စနစ်တစ်ခုကို အထောက်အကူပြုပေးရန်ဖြစ်သည်။ ဤစီမံကိန်း၏ အဓိက အာရုံစိုက်သည့် နယ်ပယ်များမှာ ဒေသန္တရအုပ်ချုပ်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျော့ချရေး၊ ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များနှင့် ပြည်သူပါဝင်မှုရှိပြီး တုံ့ပြန်ဖြည့်ဆည်းပေးမှုရှိသော ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း တို့ဖြစ်သည်။

ကြံ့ကြံ့ခံနိုင်စွမ်းနှင့်ရေရှည်တည်တံ့မှုတို့အတွက် စီမံခန့်ခွဲအုပ်ချုပ်မှု စီမံကိန်း (GRSP)

မြန်မာနိုင်ငံရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပိုမို၍ အားလုံးအကျုံးဝင်မှု၊ ကြံ့ကြံ့ခံနိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု တို့ရှိခြင်းကို အာမခံချက်ပေးရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ဘေးအန္တရာယ် လျော့ချမှု (DRR) တို့နှင့် ဆက်စပ်နေသည့် မကြာသေးမီက လုပ်ဆောင်နေသော မူဝါဒ ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ရာတွင် ဤ GRSP စီမံကိန်းက မြန်မာနိုင်ငံအား ပံ့ပိုးကူညီမှုပေးသွားမည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပိုင်ဆိုင်မှုများသည် အစိမ်းရောင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ထူးခြားသော အခွင့်အလမ်းများ ပေးအပ်ပါသည်။ ယင်းသို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာစွမ်းပကားများ မြင့်မားရေးနှင့် လူအဖွဲ့အစည်း ကြံ့ကြံ့ခံနိုင်မှုတို့ကို တိုက်ရိုက်အထောက်အကူပြုပါသည်။ GRSP သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အဓိကထား ဆောင်ရွက်သည့် အမျိုးသားအဆင့် စီမံကိန်းဖြစ်သည်။

UNDP သည် မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတို့မှ လူငယ် ၁၄၀ ကျော်တို့နှင့်အတူ Youth Engagement Conference on SDG Goal 16 ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

အောင်မြင်မှုများ
ငြိမ်းချမ်းရေးနှင့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်

ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိရန်အတွက် ထိရောက်မှုရှိသော ပြည်ထောင်စုအဆင့်နှင့် ဒေသန္တရအဆင့် ဒီမိုကရေစီ နည်းလမ်းကျသော အဖွဲ့အစည်းများဖြစ်ရေးသည် အဓိကအချက်ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် UNDP သည် မြန်မာနိုင်ငံအစိုးရအား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် စောင့်ကြည့်လေ့လာခြင်း၊ အဖွဲ့အစည်းများ ခိုင်မာအားကောင်းစေခြင်း၊ မည်မျှမှုနှင့် ဖယ်ထုတ်ခံရမှုတို့ကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခဖြစ်နိုင်ခြေများ လျော့ချခြင်းတို့တွင် ပံ့ပိုးကူညီမှုပေးခဲ့ပါသည်။

မြန်မာနိုင်ငံအစိုးရ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတက်မှု စီမံကိန်း (MSDP) ပါ ပန်းတိုင် (၁) သည် ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးတို့ကို မြှင့်တင်ပေးရန်ဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့သည် နိုင်ငံတော်နှင့် မြန်မာပြည်သူများ အားလုံးအတွက် ဖွံ့ဖြိုးမှု မြှင့်တင်ပေးရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်မှု ရရှိရေးတို့အတွက် အဓိကကျပါသည်။ တဖက်တွင်လည်း ကောင်းမွန်သော အုပ်ချုပ်ရေးသည် နိုင်ငံသားအားလုံး ဥပဒေနှင့်အညီ တန်းတူညီမျှမှုနှင့် မျှတစွာ ဆက်ဆံခံရမှုကို အာမခံချက်ပေးပြီး လူတိုင်းအနေဖြင့်လည်း အစိုးရနှင့် ထိတွေ့ဆက်သွယ်စေနိုင်ပြီး ပြည်သူဝန်ဆောင်မှုများ ပေးအပ်ခြင်းမှ အကျိုးကျေးဇူးများကိုလည်း ခံစားရရှိနိုင်ပါသည်။ ထို့ကြောင့် UNDP ၏ အုပ်ချုပ်ရေး လုပ်ငန်းစဉ်ဆိုင်ရာ ပါဝင်ပံ့ပိုးကူညီမှုသည် အစိုးရနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်ရန် ပြည်သူများ၏ စွမ်းရည်များကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ ယင်းအချက်သည် MSDP ထဲတွင် အလေးထား ဖော်ပြထားသည့် မဟာဗျူဟာ တစ်ခုလည်း ဖြစ်သည်။

ကုလသမဂ္ဂ ပံ့ပိုးမှုလုပ်ငန်းစီမံကိန်းဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ပံ့ပိုးကူညီမှုပေးခြင်း

မြန်မာနိုင်ငံတွင် အချိန်ကာလကြာမြင့်စွာ ပဋိပက္ခဖြစ်ပွားပြီးနောက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) သည် NCA အား ကာကွယ်စောင့်ရှောက်မှုပေးရာတွင် ပထမဦးဆုံးပေါ်ပေါက်လာသည့် ပြည်ထောင်စုနှင့် ဒေသန္တရ အဆင့် ပူးတွဲ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ၂၀၁၆ခုနှစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပန်ကြားမှုအရ ကုလသမဂ္ဂနှင့် UNDP တို့၏ ပံ့ပိုးကူညီမှုဖြင့် ကုလသမဂ္ဂပံ့ပိုးမှု လုပ်ငန်းအစီအစဉ် ပေါ်ထွက်လာခဲ့ပါသည်။ JMC သည် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်များအကြား အငြင်းပွားမှုဆိုင်ရာ စောင့်ကြည့်မှု၊ အစီရင်ခံတင်ပြမှုနှင့် ညှိနှိုင်းဆွေးနွေး အဖြေရှာမှုတို့တွင် တက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်နေပါသည်။ ယင်းသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAOs)၊ အစိုးရ၊ တပ်မတော်နှင့် လူထုအဖွဲ့အစည်းများကြား ယုံကြည်မှု တည်ဆောက်ခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်း လုပ်ငန်းစဉ် များကို အထောက်အကူပြုပါသည်။

၂၀၁၈ ခုနှစ်အတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအနေဖြင့် တိုင်ကြားမှုများ၏ **၅၇%** ကို ဖြေရှင်းပေးခဲ့သည်။

ဓာတ်ပုံအဏ္ဍန်းစာ
ရခိုင်ပြည်နယ်၊ သံတွဲမြို့၌
ကျင်းပသော မြို့နယ်စီမံကိန်းဆိုင်ရာ
အများပြည်သူသို့ဆွေးနွေးတင်ပြပွဲ
တွင် ပါဝင်တက်ရောက်တစ်ဦးက
သတင်းအချက်အလက်များကို
လေ့လာကြည့်ရှုနေစဉ်

ဓာတ်ပုံ - ပုံဝင်စု

၂၀၁၈ ခုနှစ် အတွင်း UNDP သည် JMC အား အဓိက ဦးစားပေးလုပ်ငန်းနယ်ပယ် ၃ ခုတွင် ဆက်လက်ပံ့ပိုးကူညီခဲ့ပါသည်။ ယင်းတို့မှာ JMC အထောက်အကူပြုရုံး၏ စီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းရည်များ အားကောင်းစေခြင်း၊ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်း၍ JMC အတွက် နည်းပညာ အကူအညီများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျား-မရေးရာနှင့် လူအခွင့်အရေးကာကွယ် ပေးခြင်းအပြင် JMC ပြည်ထောင်စုအဆင့်နှင့် ဒေသန္တရအဆင့် ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် စောင့်ကြည့် စိစစ် ပဋိပက္ခ ဖြေရှင်းမှု (MVR) စသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အဓိက ကြိုတွေ့ရသည့် ပြဿနာများ အပါအဝင် နိုင်ငံတကာ နှိုင်းယှဉ် အတွေ့အကြုံများ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း တို့ဖြစ်သည်။

JMC ပံ့ပိုးမှု လုပ်ငန်းစဉ်စီမံကိန်းသည် တပ်ဖွဲ့များ ထိတွေ့မှုမှ ရှောင်ရှားခြင်း၊ အဖွဲ့များအတွင်း ပါဝင်ဆောင်ရွက်နေသူများမှ စေ့စပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ခြင်း စသည့် နယ်ပယ်များတွင် JMC အား ပံ့ပိုးကူညီမှု ပေးနိုင်ခဲ့ပါသည်။ ယင်းအစီအစဉ်များကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအတွင်းရှိ ကုလသမဂ္ဂအဖွဲ့များမှ လည်းကောင်း၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတည်ဆောက်မှု ပံ့ပိုးမှုရုံးမှလည်းကောင်း၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုရေးရာ ဌာန လက်အောက်ရှိ စေ့စပ်ညှိနှိုင်းမှု ပံ့ပိုးရေးဌာနခွဲ (DPPA) နှင့် Clingendael နယ်သာလန်နိုင်ငံ နိုင်ငံတကာ ဆက်ဆံရေး အင်စတီကျူတို့မှလည်းကောင်း ကျယ်ပြန့်သော နည်းပညာပိုင်း ဆိုင်ရာ ပံ့ပိုးကူညီမှုများ ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

JMC - စီမံကိန်း အထောက်အကူပြု လုပ်ငန်းစဉ်သည် ၂၀၁၈ ခုနှစ်တွင် ပြီးဆုံးခဲ့ပြီး၊ လက်ရှိအချိန်တွင် အကဲဖြတ်လုပ်ငန်းကို ဆောင်ရွက်နေပါသည်။ အပြုသဘောဆောင်သော တိုးတက်မှုများ ထဲမှ တစ်ခုမှာ JMC မှ လက်ခံရရှိသော တိုင်ကြားမှု များစွာတို့ကို ဖြေရှင်းပေးနိုင်ခဲ့ခြင်းဖြစ်ပြီး၊ ယင်းသည် အလွန်ရှုပ်ထွေးသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်အတူ ရှိရင်းစွဲဖြစ်သောစိန်ခေါ်မှုများ ရှိနေသော်ငြားလည်း MVR ယန္တရားအနေဖြင့် ထိရောက်မှု ရှိလာပြီဖြစ်ကြောင်း သက်သေပြနေပါသည်။

နောက်ထပ် အပြုသဘောဆောင်သော တိုးတက်မှုတစ်ခုမှာ ပြည်နယ်အဆင့် JMC ကော်မတီများအနေဖြင့် လက်ရှိ အချိန်တွင် ကျေးရွာအဆင့်၌ ပုံမှန်လူထုဆွေးနွေးပွဲများ ကျင်းပ နေခြင်းဖြစ်သည်။ လက်နက်ကိုင်တပ်ဖွဲ့တပ်မှူးများနှင့် ယခင် လက်နက်ကိုင် တိုက်ခိုက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များသည် ဆင်တူ

အပြာရောင် JMC အကျိုးများ ဝတ်ဆင်နေကြပြီး၊ အရပ်သားများ အကာအကွယ်ပေးရေး အပါအဝင် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များကို အကောင်အထည်ဖော်ရန် ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆွေးနွေးနေကြပြီဖြစ်သည်။ တခါတရံတွင် အခက်အခဲနှင့် ပြဿနာများရှိသော်လည်း ယခင်က လက်နက်ကိုင် တိုက်ခိုက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များကြား ပူးတွဲဆုံးဖြတ်ချက်များ ချမှတ်ရန် ဖြစ်နိုင်ချေရှိကြောင်း JMC က လက်တွေ့ လုပ်ဆောင်မှုများဖြင့် သက်သေပြသခဲ့ပါသည်။

မျှတမှုရှိပြီး ပဋိပက္ခသတိချပ်မှုကို အခြေခံထားသော ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ပေးခြင်း

ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် အဓိကကျသော အခြေခံအုတ်မြစ်ဖြစ်သည်။ ယင်းသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများ အားလုံးရှိ ပြည်သူများ အနေဖြင့် ၎င်းတို့၏ ကိုယ်စားလှယ်များမှတဆင့် ဒေသန္တရဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မှုကို အာမခံချက်ပေးရာတွင် အရေးကြီးပါသည်။

၂၀၁၈ ခုနှစ်၌ မြို့နယ် ၁၄ ခု တို့တွင် ဒေသန္တရဖွံ့ဖြိုးရေး စီမံကိန်းများ၏ ပြည်သူပါဝင်မှုရှိပြီး အထောက်အထားအခြေပြု ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်အား ပံ့ပိုးကူညီမှုပေးရန် အတွက် UNDP သည် ပဲခူး၊ မွန်နှင့် ရခိုင်ပြည်နယ်များရှိ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့များနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့များအနေဖြင့် ဒီမိုကရေစီအခြေခံမူများကို ပိုမိုကျင့်သုံး ဆောင်ရွက်နိုင်စေရေးအတွက် အထောက်အပံ့ ရန်ပုံငွေများကိုလည်း ပေးအပ်ခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်သူများ၏ အသံများကို ကိုယ်စားပြုနိုင်ပြီး၊ ပြည်သူ့အရင်းအမြစ် များကို ထိရောက် ပွင့်လင်းမြင်သာမှုရှိသည့် နည်းလမ်းဖြင့် အသုံးပြုနိုင်သည့် ဝန်းကျင်တစ်ခု ဖန်တီးပေးခဲ့ပါသည်။ ဤစီမံကိန်းရေးဆွဲရေးပုံစံ၏ အောင်မြင်မှုကြောင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် ဤပုံစံအား လက်ရှိ UNDP က ပံ့ပိုးမှု ပေးထားခြင်းမရှိသေးသည့် မြို့နယ်များတွင် ဖော်မြူလာအခြေပြု (formula-based) ခွဲဝေ ချထားပေးသည့် နည်းလမ်းအား အသုံးပြုရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

UNDP ၏ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်သည် ဒေသန္တရ ရပ်ရွာပြည်သူများသို့ပေးသော ဝန်ဆောင်မှု အရည်အသွေးကို တိုးတက်ကောင်းမွန်စေရန် အထောက်အကူပြုပြီး အစိုးရနှင့် ဆက်သွယ်ဆောင်ရွက်ရန် ပြည်သူများ၏ စွမ်းရည်ကိုလည်း မြှင့်တင်ပေးသည်။ အထောက်အပံ့ငွေများ ပေးအပ်ခြင်းဖြင့် မြို့နယ်အုပ်ချုပ်ရေး အဖွဲ့များသည် ဒီမိုကရေစီအခြေခံမူများကို ပိုမိုကျင့်သုံးဆောင်ရွက်လာနိုင်ခြင်း၊ ပြည်သူများ၏အသံများကို ကိုယ်စားပြုနိုင်မည့် ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်ခြင်း၊ စီမံကိန်း ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏ အမြင်များကို စနစ်တကျ ထည့်သွင်းလာနိုင်ခြင်းနှင့် အရင်းအမြစ်များကို ပြည်သူများက ထိရောက်ပွင့်လင်းမြင်သာမှုရှိသည့် နည်းလမ်းဖြင့် အသုံးပြုနိုင်စေပါသည်။

ရပ်ရွာပြည်သူများနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များကြား အထက်-အောက် သတင်းအချက်အလက်များ ပေးနိုင်ရန် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ (W/VTAs) ကို ပံ့ပိုးမှုပေးခြင်းဖြင့် UNDP က ဒီမိုကရေစီနှင့် လူမှုတာဝန်ယူမှု/တာဝန်ခံမှုများ အားကောင်းလာအောင် အခွင့်အလမ်းများ မြှင့်တင်ပေးခဲ့ပါသည်။ မွန်ပြည်နယ်တွင် ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (ကရင်အမျိုးသားအစည်းအရုံး-KNU နှင့် မွန်ပြည်သစ်ပါတီ-NMSP) တို့ကြား မြို့နယ်စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်နှင့် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပေးနိုင်ရန် UNDP ၏ ဒေသန္တရ အုပ်ချုပ်ရေးလုပ်ငန်းများက အထောက်အကူပြုပါသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) နှင့်အနီးကပ်ပူးပေါင်းလျက် UNDP က အမျိုးသမီး ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၏ စွမ်းရည်မြှင့်တင်ပေးခြင်း ကိုလည်းကောင်း၊ နိုင်ငံအတွင်း အမျိုးသမီး ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၏ အရေအတွက် တိုးတက်လာစေရေးကိုလည်းကောင်း ပံ့ပိုးကူညီမှု ပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် အမျိုးသမီးရပ်/ကျေးအုပ်ချုပ်ရေးမှူး ၈၈ ဦး ရှိရာမှ ၂၀၁၈ ခုနှစ် တွင် ၁၀၉ ဦးအထိ တိုးတက်လာခဲ့ပါသည်။ အဆိုပါ

ရပ်ရွာပြည်သူများနှင့်အစိုးရ တို့ကြား ချိတ်ဆက်ပေးသည့် အမျိုးသမီး ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအရေအတွက်သည် ၂၀၁၇ ခုနှစ်တွင် **၈၈** ဦး ရှိရာမှ ၂၀၁၈ ခုနှစ်တွင် **၁၀၉** ဦး အထိ တိုးတက်လာသည်။

ဓာတ်ပုံအညွှန်းစာ
ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့၏ သက်ဆိုင်ရာမဲဆန္ဒနယ်မြေများရှိ ပြည်သူများ၏ လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေရေးအတွက် မိမိတို့၏ ကျွမ်းကျင်မှုနှင့်ဗဟုသုတများကို မြှင့်တင်ရန် သင်ကြားရေး အတန်းတစ်ခုကို တက်ရောက်နေကြစဉ်

လုပ်ငန်းစဉ်ရည်မှန်းချက် ၂ ခုအား မြှင့်တင်ဆောင်ရွက်ရန်အတွက် အမျိုးသမီး ဆယ်အိမ်မှူးများအတွက် ခေါင်းဆောင်မှုစွမ်းရည် သင်တန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်၊ ရည်ရွယ်ချက်မှာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ဖြစ်လာစေရေး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်စေရေးစွမ်းရည်မြှင့်တင်ပေးရန်ဖြစ်သည်။ ကွန်ရက်ချိတ်ဆက် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိ စေရန် နှစ်စဉ်အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို လက်ရှိ အမျိုးသမီး ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ယင်းသို့ ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့သည် ဒေသန္တရ အဆင့်၌ မိမိတို့၏ လုပ်ငန်းများကို ပိုမို ကောင်းမွန်စွာ လုပ်ဆောင်နိုင်ကြမည်ဖြစ်ပြီး ရပ်ရွာပြည်သူများနှင့် မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များကြား ဆက်သွယ်ရေး လမ်းကြောင်း အနေဖြင့်လည်း ထိရောက်စွာဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

တရားစီရင်မှုကို လက်လှမ်းမီခြင်း၊ တစ်ဦးချင်း အခွင့်အရေးများနှင့် တရားဥပဒေစိုးမိုးမှုကို လေးစား လိုက်နာမှုရှိခြင်းတို့အား မြှင့်တင်ပေးခြင်း

စစ်မှန်သော ဒီမိုကရေစီ လူမှုအဖွဲ့အစည်းတစ်ခုတွင် ပြည်သူများ အားလုံးတို့သည် ဥပဒေနှင့်အညီ ညီမျှမှုရှိစွာနှင့် မျှတမှုရှိစွာ ဆက်ဆံခံရပါသည်။ UNDP သည် တရားဥပဒေ စိုးမိုးရေးနှင့် လူ့အခွင့်အရေးများနှင့်အညီ တရားစီရင်နိုင်စေရန် မြန်မာနိုင်ငံ၏ တရားရေးကဏ္ဍအား ပံ့ပိုးကူညီမှုများ ပေးပါသည်။ UNDP ၏ ပံ့ပိုးကူညီမှုနှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံး (UAGO) က မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများ လမ်းညွှန်စာအုပ်ကို ထုတ်ဝေနိုင်ခဲ့ပြီး တာဝန်ယူမှု/တာဝန်ခံမှုရှိသော တရားစီရင်ရေး လက်လှမ်းမီမှုကို တိုးတက်ကောင်းမွန်စေခဲ့ပါသည်။ အဆိုပါ လမ်းညွှန်ချက်များသည် ရာဇဝတ်မှုဖြင့် စွပ်စွဲခံရသူများအတွက် အခြေခံကျပြီး ထိုက်သင့်သည့် လုပ်ငန်းစဉ် ရပိုင်ခွင့်များဆိုင်ရာ တရားဝင် ရပ်တည်ချက်ကို သတ်မှတ်ပေးပါသည်။

UNDP သည် တရားစီရင်ရေးအားလက်လှမ်းမီမှု မြှင့်တင်ရန်နှင့် ဥပဒေဆိုင်ရာ သိမြင်နားလည်မှုနှင့် သင်တန်းများ တိုးမြှင့်ဆောင်ရွက်နိုင်စေရန် တရားစီရင်ရေးကဏ္ဍ အဖွဲ့အစည်းများကြား ညှိနှိုင်းဆောင်ရွက်မှုကို အားကောင်းအောင် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အခြေခံမူများ ကျင့်သုံးဆောင်ရွက်ရာတွင် Rule of Law Centre များကို UNDP က ပံ့ပိုးကူညီမှုပေးခဲ့သည်။ ဥပဒေလိုက်နာကျင့်သုံးမှု တိုးတက်စေရန်နှင့် ဒေသန္တရ တရားစီရင်ရေးဆိုင်ရာ ပြဿနာများကို တုံ့ပြန်ဖြေရှင်းပေးရန်တို့အတွက် UNDP သည် ကိုယ်စားလှယ် ၆,၂၀၀ ဦးပါဝင်သော ဥပဒေရေးရာအဖွဲ့ ၁၄ ဖွဲ့ကို တည်ထောင်ခဲ့ပါသည်။ ဒေသခံခေါင်းဆောင်နှင့် ဥပဒေရေးရာကျွမ်းကျင်သူ ၃,၇၅၀ ဦးကို အထူးပြု သင်တန်းများ ပို့ချပေးခဲ့ပါသည်။

ထို့အပြင် တရားလွှတ်တော်ချုပ်အတွက် အမှုဆိုင်ရာ သတင်းအချက်အလက်စနစ်ကို တည်ဆောက်ပေးခဲ့သည်။ အဆိုပါ စနစ်ကို အွန်လိုင်းတွင် ရရှိနိုင်ပြီး၊ အောက်ခြေအဆင့် တရားရုံးများတွင် တင်သွင်းလာသည့် တရားရုံး အမှုများဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ပါသည်။

UNHCR နှင့်အတူ UNDP သည် ကချင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်ကြသူများ (IDPs) ၏ အိုးအိမ်၊ မြေယာနှင့် ပစ္စည်းဥစ္စာ (HLP) ဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်၍ ကျယ်ပြန့်သည့် လေ့လာမှုတစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်ခဲ့သည်။ အဆိုပါလေ့လာမှု၏ ရလဒ်မှာ နှစ်သိမ့်ဆွေးနွေးမှု လမ်းညွှန်စာအုပ် ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး၊ ယင်းစာအုပ်က ဥပဒေပိုင်းဆိုင်ရာ အကူအညီပေးနေသူများအား IDP များကို အကြံပေး ပံ့ပိုးမှုများ ပြုလုပ်နိုင်ရန် အထောက်အကူပြုပါသည်။

UNDP သည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် (MNHRC) နှင့်လည်း ပူးပေါင်းဆောင်ရွက်မှု စတင် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ကော်မရှင်နှင့်အတူ ကျွန်ုပ်တို့သည် စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာညီလာခံတစ်ခုကိုကျင်းပခဲ့သည်။ ထို့အပြင် OHCHR နှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ အာရှ-ပစိဖိတ်ဗဟိုရုံး တို့နှင့် ပူးပေါင်း၍ ပထမဦးဆုံးအကြိမ်အနေဖြင့် တရားဝင် စွမ်းရည်ဆန်းစစ်လေ့လာမှုကို ဆောင်ရွက်ခဲ့ပါသည်။

ကောင်းမွန်သော အုပ်ချုပ်ရေး၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်စေခြင်း

၂၀၁၈ ခုနှစ်အတွင်း UNDP သည် အစိုးရ မဂ္ဂိုဇ်ကြီး ၃ ခုလုံးတို့တွင် ပိုမို၍ ဒီမိုကရေစီနည်းလမ်းကျပြီး၊ တာဝန်ယူမှု/တာဝန်ခံမှုရှိသော အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အစိုးရအား ပံ့ပိုးကူညီမှုပေးခဲ့သည်။ UNDP မှ ပေးအပ်သည့် နည်းပညာဆိုင်ရာ အကြံဉာဏ်ကို အခြေခံ၍ သမ္မတရုံးသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (ACC) နှင့် ဝန်ကြီးဌာနအများစု တို့တွင် စောင့်ကြည့်မှုနှင့် တာဝန်ယူမှု/ တာဝန်ခံမှုတို့ တိုးတက် ကောင်းမွန်စေရန်အတွက် အဂတိလိုက်စားမှုတားဆီးရေးဌာနခွဲများ (CPU) ဖွဲ့စည်း တည်ထောင်မှုကို အတည်ပြုပေးခဲ့သည်။

UNDP သည် အကြီးစား အဂတိလိုက်စားမှုများကို ကိုင်တွယ် ဖြေရှင်းရန်နှင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု/တာဝန်ခံမှု မြှင့်တင်ရန်တို့အတွက် နိုင်ငံတော်အဆင့် ကြိုးပမ်းအားထုတ်မှု များကို ဦးဆောင်နိုင်ရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (ACC) အား ပံ့ပိုးကူညီမှုပေးခဲ့သည်။ အစိုးရအဖွဲ့အစည်းများ၏ ရိုးသားဖြောင့်မတ်မှုကို ပံ့ပိုးကူညီမှု ပေးရန် အလို့ငှာ UNDP သည် အဂတိလိုက်စားမှု အန္တရာယ် ဆန်းစစ်လေ့လာမှု (CRA) နည်းလမ်းတစ်ခုကို အသုံးပြုရန် CPU များနှင့် လုပ်ငန်းစဉ်တစ်ခု စတင်ဆောင်ရွက်ခဲ့ပြီး၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အား ယင်း၏ ကျင့်ဝတ် စည်းမျဉ်းများ အပြီးသတ် ပြုစုရာတွင် ပံ့ပိုးကူညီပေးခဲ့သည်။ စီးပွားရေးကဏ္ဍတွင် ရိုးသား ဖြောင့်မတ်မှုနှင့် အဂတိလိုက်စားမှုတို့နှင့် စပ်လျဉ်းသည့် စီးပွားရေး ကဏ္ဍဆွေးနွေးပွဲ တစ်ခုကို အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က မကွေးမြို့တွင် ကျင်းပခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တရားရေးကဏ္ဍ၊ အရပ်ဖက် လူမှု အဖွဲ့အစည်းများနှင့် မီဒီယာ တို့မှ အရာရှိများ အပါအဝင် ၄၃၀ ဦး တက်ရောက်ခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသည် အာဆီယံ (ASEAN) ဒေသအတွင်း အကျိုးပြု စီးပွားရေးဝန်းကျင်တစ်ခု ဖန်တီးရေး ရည်မှန်းထားသည့် UNDP လုပ်ငန်းစဉ်၏ ဒေသဆိုင်ရာ အစိတ်အပိုင်း တစ်ခုဖြစ်သည်။

အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှု၊ ရိုးသားဖြောင့်မတ်မှု မြှင့်တင်ရေးနှင့် လူစွမ်းအား အရင်းအမြစ်များ စီမံခန့်ခွဲမှု အားကောင်းရေးတို့သည် မြန်မာနိုင်ငံ၏ နိုင်ငံဝန်ထမ်း ကဏ္ဍ ပြုပြင်ပြောင်းလဲရေး (CSR) အတွက် UNDP ၏ ပံ့ပိုးကူညီမှု အဓိက မဂ္ဂိုဇ်များဖြစ်သည်။ နိုင်ငံဝန်ထမ်းစီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒစာတမ်းကို လေ့လာသုံးသပ်နိုင်ရန်အတွက် တင်ပြထားပြီး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့အတွက် စံနှုန်းတန်ဖိုးဆိုင်ရာ စည်းမျဉ်းများကို ၂၀၁၈ ခုနှစ်တွင် မူကြမ်းရေးဆွဲခဲ့ပါသည်။ တတ်ကျွမ်းမှုဆိုင်ရာ မူဘောင်နှင့် လက်စွဲစာတမ်းတို့အပါအဝင် လူသား အရင်းအမြစ် စီမံခန့်ခွဲမှုစနစ်သစ်ကို ဝန်ထမ်းခန့်ထားခြင်း၊ ရာထူး တိုးမြှင့်ခြင်း၊ တာဝန်ချထားခြင်း၊ စွမ်းဆောင်ရည် အကဲဖြတ်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း စသည်တို့ တိုးတက် ကောင်းမွန်လာစေရန်အတွက် ရေးဆွဲပြုစုခဲ့ပါသည်။ အဆင့်မြင့်နှင့် အုပ်ချုပ်စီမံအဆင့် ခေါင်းဆောင်မှုစနစ်ကို ချမှတ်ပြဋ္ဌာန်းဆောင်ရွက် နိုင်ရန်အတွက် ဒီဇိုင်းပုံစံ ရေးဆွဲခဲ့ပါသည်။

နိုင်ငံဝန်ထမ်းများအတွက် စိတ်ဓာတ်လှုံ့ဆော်မှုဆိုင်ရာ စစ်တမ်း တစ်ခုကို UNDP ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံအတွက် ဆီလျော်မှုရှိအောင် ပြုလုပ်ဆောင်ရွက်ပေးခဲ့ပြီး၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အာဆီယံအဖွဲ့က အတည်ပြုခဲ့ပါသည်။ အစိုးရဝန်ဆောင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူ သဘောထားအမြင်စစ်တမ်းကို ပထမအကြိမ်အနေဖြင့် ဆောင်ရွက် နေဆဲဖြစ်သည်။ နိုင်ငံဝန်ထမ်းကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို အရှိန်အဟုန် မြှင့်တင်ရန်အလို့ငှာ နိုင်ငံတော်သမ္မတရုံး က CSR ဦးဆောင်ကော်မတီ ဖွဲ့စည်းမှုကို အတည်ပြုပေးခဲ့ပါသည်။

UNDP က အစိုးရဌာနဆိုင်ရာများအား ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းများအတွက် လိုအပ်သော တိကျမှုရှိသော၊ ကျယ်ပြန့်သော၊ ရှေ့နောက် ညီညွတ်မှုရှိသော

အချက်အလက်များ လက်လှမ်းမီရေးအတွက် ပံ့ပိုးမှုပေးခဲ့သည်။ ဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲခြင်းအတွက် အချက်အလက်အသုံးပြုမှု မြှင့်တင်ပေးရန်အလို့ငှာ UNDP က ပဟိုစာရင်းအင်းအဖွဲ့ (CSO) အား မြန်မာနိုင်ငံနေထိုင်မှုအခြေအနေစစ်တမ်း (MLCS) ၏ အဓိကညွှန်းကိန်းအစီရင်ခံစာကို ရေးဆွဲပြုစုပေးခဲ့သည်။ ယင်းသည် ဆင်းရဲနွမ်းပါးမှုနှင့် လူမှု-စီးပွားရေးဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တပြေးညီ ဖြစ်စေရေးအတွက် မြန်မာနိုင်ငံအစိုးရအား အထောက်အကူပြုမည်ဖြစ်သည်။

UNDP သည် MSDP ၏ အမျိုးသားအညွှန်းကိန်း အခြေခံမူဘောင် (NIF) ရေးဆွဲရာတွင်လည်း အဓိက ပံ့ပိုးကူညီမှုပေးခဲ့ပါသည်။ NIF က အစိုးရ၏ လက်ရှိ အစီအစဉ်များနှင့် မဟာဗျူဟာများကို ပိုမို၍ စုစည်းညီညွတ်မှုရှိစေမည်ဖြစ်ပြီး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) ဆိုင်ရာ အောင်မြင်မှုများ တိုင်းတာရာတွင်လည်း အထောက်အကူပြုမည် ဖြစ်ပါသည်။ UNDP သည် SDG အညွှန်းကိန်းများအား MSDP မဟာဗျူဟာများ အားလုံးအတွင်းသို့ ပေါင်းစပ်ထည့်သွင်းစေခြင်းဖြင့် နယ်ပယ်ကဏ္ဍ ၁၂ ခုတို့ရှိ အစိုးရ/ဖွံ့ဖြိုးမှု မိတ်ဖက်များအား အတူတကွ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ကြရန် လုပ်ဆောင်နိုင်ခဲ့ပါသည်။

အထောက်အထား အခြေပြုမူဝါဒ ရေးဆွဲဖော်ထုတ်မှုနှင့် SDG အကောင်ထည်ဖော်မှု စောင့်ကြည့်မှုတို့အတွက် စာရင်းအင်း အချက်အလက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ အကောင်အထည်ဖော်ရာတွင် UNDP က ပံ့ပိုး ကူညီမှု ပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် စာရင်းအင်း ဥပဒေအသစ်က အချက်အလက် ထုတ်လုပ်မှု၊ စီမံကိန်းရေးဆွဲမှုနှင့် မူဝါဒ ချမှတ်မှုတို့ ကြားတွင် အားကောင်းသောဆက်သွယ်မှုကို ဖန်တီးပေးခဲ့ပါသည်။

ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များမှ နိုင်မာ အားကောင်းသော ပြည်သူ့အခြေပြုဥပဒေများ အတည်ပြု ပြဋ္ဌာန်းရာတွင် ပိုမိုထိရောက်စွာနှင့် အားလုံးအကျုံးဝင်မှုရှိအောင် လုပ်ငန်းဆောင်ရွက်နိုင်ရေးကို အထောက်အကူ ပြုစေရန်အတွက် UNDP မှ ပံ့ပိုးကူညီခဲ့ပါသည်။

ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော် ၁၄ ခုလုံး တို့ရှိ ကော်မတီများအား အဖွဲ့အစည်းများအပေါ် စောင့်ကြည့် ထိန်းကျောင်းမှု လုပ်ဆောင်ရန်အတွက်လည်းကောင်း၊ ပြည်သူ့ အရေးကိစ္စများကို စုံစမ်းစစ်ဆေးရန်အတွက် လည်းကောင်း၊ ပတ်သက်ဆက်နွယ်မှုရှိသူများနှင့် ထိထိရောက်ရောက် ဆက်သွယ် ဆောင်ရွက်နိုင်စေရန် အတွက်လည်းကောင်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ် ပြင်ဆင်နိုင်စေရန် အတွက်လည်းကောင်း၊ စုံစမ်းလေ့လာမှု နည်းစနစ်ကို မိတ်ဆက် ပေးခဲ့သည်။ အကျိုးရလဒ်အနေဖြင့် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) ၏ စိုက်ပျိုးရေးကော်မတီသည် UNDP ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ၏ သမိုင်းတွင် ပထမဦးဆုံး ဖြစ်သော ကော်မတီ စောင့်ကြည့်ထိန်းကျောင်းမှု လုပ်ငန်းဆိုင်ရာ စုံစမ်း လေ့လာမှုကို စတင်ဆောင်ရွက်ခဲ့ပါသည်။ အလားတူ စုံစမ်း လေ့လာမှုများကို မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ် လွှတ်တော်များ၌လည်း စတင်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ အားလုံးတို့အား ပိုမို၍ ပွင့်လင်း မြင်သာမှုနှင့် လက်လှမ်းမီမှု ဖြစ်ပေါ်လာစေရန် စုံညီ/ ကော်မတီ ဆိုင်ရာ စည်းမျဉ်းများနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်များ ပြန်လည် သုံးသပ်ရာတွင် UNDP က ပံ့ပိုးကူညီပေးခဲ့ပါသည်။ ပြည်ထောင်စုအဆင့် လွှတ်တော် ၃ ခုနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော် ၈ ခုတို့အနေဖြင့် စုံညီ အစည်းအဝေးများတွင် ပိုမိုကောင်းမွန်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန် နည်းလမ်းများ မိတ်ဆက်ပေးခဲ့သည်။ အစည်းအဝေး ပြက္ခဒိန်များ၊ လုပ်ငန်း ဆိုင်ရာ စာတမ်းများနှင့် အစီအစဉ်များကို လွှတ်တော်အစည်းအဝေးမတိုင်မီ လက်ဝယ်ရရှိကြခြင်းဖြင့် လွှတ်တော် ကိုယ်စားလှယ်များသည် ဥပဒေကြမ်းများ၊ အဆိုများနှင့် မေးခွန်းများကို ပိုမိုကောင်းမွန်စွာ ပြုစုရေးဆွဲ ဆွေးနွေးလာနိုင်ကြပါသည်။ ယင်းသို့ လုပ်နိုင်လာခြင်း သည် ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းသို့ ဦးတည်သွားစေမည် ဖြစ်ပါသည်။

ပြည်ထောင်စုအဆင့် လွှတ်တော် ၃ ရပ်လုံးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ၈ ခုတို့သည် လွှတ်တော်ကိုယ်စားလှယ်များအား စုံညီအစည်းအဝေးများတွင် ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရန် နည်းလမ်းများကို စတင်မိတ်ဆက်အသုံးပြုခဲ့ကြသည်။

မြန်မာနိုင်ငံ၏ အလုပ်ပိုင်းခြောက်သွေ့ဒေသဖြစ်သော ချောက်မြို့တွင် မသုဇာဌေးသည် သူမ၏ မိခင်နှင့်အတူ အလုပ် လုပ်နေစဉ်၊ အဆိုပါဒေသတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို ရပ်ရွာပြည်သူများ ရင်ဆိုင်ဖြေရှင်းရာတွင် UNDP က ပံ့ပိုးကူညီမှုများ ပေးနေပါသည်။

ဓာတ်ပုံ – Saila Huusko

အောင်မြင်မှုများ ကျွမ်းကျင်မှုနှင့် သာယာဝပြောမှု

သဘာဝသယံဇာတများ ပေါကြွယ်ဝပြီး သဘာဝဘေးအန္တရာယ် များစွာတို့၏ ထိခိုက်ခံစားရနိုင်သော အခြေအနေတွင် ရှိနေသည့် စီးပွားရေးအရလည်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတစ်ခုတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဖြစ်ပေါ်လာသော စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဖြေရှင်းခြင်း၊ ရာသီဥတုပြောင်းလဲမှုများ လျော့ပါးရေးနှင့် လိုက်လျောညီထွေ နေထိုင်နိုင်ရေးဆိုင်ရာ မဟာဗျူဟာများချမှတ်၍ အကောင်အထည်ဖော်ခြင်းသည် အထူးအရေးကြီးပါသည်။ UNDP သည် မြန်မာနိုင်ငံအစိုးရအား နည်းပညာအကြံပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများနှင့်သင်တန်းပေးခြင်းများဖြင့် အထောက်အပံ့ပေးခဲ့ပါသည်။

MSDP ၏ ပန်းတိုင် (၅) သည် သယံဇာတ အရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်အား ရည်ညွှန်းထားပါသည်။ မြန်မာနိုင်ငံသည် သဘာဝ ဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲခြင်းကို အလွန်အမင်း ခံစားရနိုင်သည့် အခြေအနေတွင် တည်ရှိပါသည်။ အခြား တစ်ဖက်တွင် နိုင်ငံ၏ ကြွယ်ဝသော ဇီဝမျိုးကွဲများအား အလွန်အမင်း ခေါင်းပုံဖြတ် အမြတ်ထုတ်မည့် ခြိမ်းခြောက်မှု အန္တရာယ်များမှ ကာကွယ်ပေးနိုင်လျင် အပြုသဘောဆောင်သည့် ဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးရလဒ်များအား ရရှိစေနိုင်ပါသည်။

သန့်ရှင်းသောပတ်ဝန်းကျင်နှင့်ကောင်းစွာလည်ပတ်ဆောင်ရွက်နိုင်သော ဂေဟစနစ်များ ဖြစ်ပေါ်စေရေး ဆောင်ရွက်ခြင်း

၂၀၁၈ ခုနှစ်တွင် အထင်ကရ မူဝါဒနှင့် ဥပဒေရေးရာ ဖြစ်စဉ်များ ချမှတ်နိုင်ခဲ့သည်။ UNDP သည် ပတ်သက်ဆက်နွယ်သူများ ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် အကြံဉာဏ်များ ပေးအပ်နိုင်စေရေး တို့အတွက် ညှိနှိုင်းဆွေးနွေးပွဲကျင်းပခြင်း လုပ်ငန်းစဉ်ကို ပံ့ပိုးကူညီမူပေးခဲ့ပြီး ဇီဝမျိုးကွဲနှင့် ကြိုးပိုင်းသစ်တော ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေသစ် (CBPA) အား ပြဋ္ဌာန်းနိုင်ခဲ့ပြီး နည်းဥပဒေများကိုလည်း ရေးဆွဲခဲ့ပြီး ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ အစိုးရအဖွဲ့က အမျိုးသား သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ မူဝါဒအား ရေးဆွဲချမှတ်နိုင်ရန် UNDP က အကူအညီပေးခဲ့ပါသည်။ UNDP သည် အမျိုးသား အဆင့် UN REDD+ မဟာဗျူဟာ မူကြမ်း ရေးဆွဲမှုအပေါ် အချက်အလက်ပေးမည့် ရပ်ရွာဆွေးနွေးပွဲများ လုပ်ဆောင်ခြင်းအား နည်းပညာ အထောက်အပံ့ပေးခဲ့သည်။ UN REDD+ အစီအစဉ်သည် သစ်တောပြုန်းတီးမှုနှင့် သစ်တော လျော့နည်းလာမှုတို့ကြောင့် ဖြစ်လာသော ကာဗွန် ထုတ်လုပ်မှုများကို လျော့ချရန် ရည်ရွယ်၍ FAO၊ UNDP နှင့် UNEP တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော အစီအစဉ်ဖြစ်သည်။

သဘာဝ အရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့် သဘာဝ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေး မူဘောင်အား အားကောင်းစေရန် UNDP အနေဖြင့် ကတိကဝတ်ပြု ပံ့ပိုးပေးမှုသည် ၂၀၁၈ ခုနှစ်တွင် တိုးတက်မှုများ ရရှိခဲ့သည်။ ယင်းသို့ဆောင်ရွက်ပေးမှုတွင် ဒေသခံ ရပ်ရွာလူထုအနေဖြင့် ပတ်ဝန်းကျင်နှင့် သဘာဝ သယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲမှု အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်မှုနှင့် အခွင့်အရေးများ တိုးတက်လာစေရေးတို့ ပါဝင်ပါသည်။

ဇီဝမျိုးကွဲနှင့်ကြိုးပိုင်းသစ်တော ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေသစ် ကို ၂၀၁၈ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

“သစ်တောများသည် လူသားများ မရှိဘဲ ပေါက်ရောက် ရှင်သန်နိုင်ကြသည်၊ သို့သော် လူသားများသည် သစ်ပင်များ မရှိဘဲ မရှင်သန်နိုင်ကြပါ။ ထို့ကြောင့် သစ်တောများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဆိုသည်မှာ သဘာဝသယံဇာတများနှင့် လူသားများ ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်ပါသည်။”

ဦးကျော်ဇေယျ၊ ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန၊

ဓာတ်ပုံအညွှန်းစာ
ရာသီဥတုပြောင်းလဲမှု၏ အကျိုး သက်ရောက်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်နှင့် ဒေသခံ တောင်သူလယ်သမားများ၏ ထိခိုက်ခံစားလွယ်မှုကို လျော့ချနိုင်ရန် အပူပိုင်းဒေသတွင် UNDP က ရပ်ရွာပြည်သူများအား အကူအညီ ပေးလျက်ရှိပါသည်။

ဓာတ်ပုံ - Andrea Again

UNDP ၏ နည်းပညာဆိုင်ရာ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသည် ၆ ကြိမ်မြောက် အမျိုးသားအဆင့် အစီရင်ခံစာ (6NR) အား တင်သွင်းနိုင်ခဲ့သည်။ ထိုအစီရင်ခံစာသည် ဇီဝမျိုးကွဲဆိုင်ရာ သဘောတူညီချက် (CBD) အား အကောင်အထည်ဖော်ရန်အတွက် ခိုင်လုံသော တိုင်းတာမှုများအား စုစည်းပေးနိုင်ခဲ့သည်။ CBD သည် ဥပဒေအရ စည်းနှောင်မှုရှိပြီး၊ ရေရှည်တည်တံ့သော အနာဂတ်အတွက် လုပ်ငန်းစဉ်များကို အားပေးရန် အဓိက ရည်မှန်းထားပါသည်။ 6NR အကဲဖြတ်ချက်သည် မြန်မာနိုင်ငံ၏ ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်မှု ဦးတည်ချက်များ တိုးတက်ရရှိမှုကို တိုင်းတာခြင်းဖြစ်ပြီး၊ ဆက်လက် ဆောင်ရွက်နေသည့် ထိန်းသိမ်းစောင့်ရှောက်ရေး ကြိုးပမ်းအားထုတ်မှုများအတွက် အချိန်နှင့် တပြေးညီ အခြေခံအချက်အလက် (baseline data) များကို ဖြည့်ဆည်းပေးပါသည်။ ယင်းက အမျိုးသားဇီဝမျိုးကွဲ မဟာဗျူဟာနှင့် လုပ်ငန်းစဉ် (NBSAP) တွင် ချမှတ်ထားသော ရည်မှန်းချက် ပန်းတိုင် ၆၁ ခု နှင့် NBSAP ပါ လုပ်ငန်းစဉ် ၁၆၃ ခု အကောင်အထည် ဖော်မှုတို့ကို အကဲဖြတ်သုံးသပ်ပါသည်။ ထို့ပြင် ယင်းထဲတွင် ကမ္ဘာလုံးဆိုင်ရာ Aichi Biodiversity ရည်မှန်းချက် ပန်းတိုင် ၂၀ ခု တို့အား မြန်မာနိုင်ငံ၏အထောက်အကူပြုမှုနှင့် ဇီဝမျိုးကွဲတို့၏လက်ရှိ အခြေအနေများအကြောင်း တို့ကိုလည်း ထည့်သွင်းဖော်ပြပါသည်။ 6NR တွင် ပါဝင်သော အကြံပြုချက်များသည် အမျိုးသား ဇီဝမျိုးကွဲ မဟာဗျူဟာနှင့် လုပ်ငန်းစဉ် (NBSAP) အကောင်အထည်ဖော်ခြင်းနှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအား အထောက်အကူပြုမည်ဖြစ်သည်။ ကျား-မရေးရာနှင့် ဇီဝမျိုးကွဲ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဤအစီရင်ခံတွင် အမျိုးသမီးများ အနေဖြင့် ရပ်ရွာလူထု အသုံးပြုသူများ အဖွဲ့များတွင် ထင်ရှားသည့် အခန်းကဏ္ဍမှ ပါဝင်သော်လည်း၊ ကျား-မ မညီမျှမှုမှာ အရေးကြီးသည့် ကိစ္စရပ်တစ်ခုအနေဖြင့် ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်ကို ဖော်ပြပါသည်။

ငြိမ်းချမ်းရေး၊ မည်မျှမှု၊ ချန်လှပ်ထားခံရမှုနှင့် ထိခိုက်လွယ်မှုတို့အကြား ဆက်စပ်မှု

မည်မျှမှု၊ ချန်လှပ်ထားခံရမှုတို့ကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခများနှင့် ရာသီဥတုပြောင်းလဲမှု ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှုနှင့် သယံဇာတ စီမံခန့်ခွဲမှုတို့နှင့် ဆက်စပ်ပြီး ဖြစ်ပေါ်သော ထိခိုက်ခံစားလွယ်မှုတို့ကို ထိရောက်သော နိုင်ငံတော်အဆင့်နှင့် ဒေသန္တရအဆင့် အဖွဲ့အစည်းနှင့် အုပ်ချုပ်ရေးယန္တရားများဖြင့် လျော့ချပေးနိုင်လျင် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သောငြိမ်းချမ်းရေး ရရှိလာမည်ဖြစ်သည်။ အတိုချုပ်အားဖြင့် ယင်းသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးမှု စီမံကိန်းပါ ပန်းတိုင် ၁၊ ၃ နှင့် ၅ တို့အတွက် UNDP မှ ပံ့ပိုးကူညီမှုများကို ဖော်ဆောင်စေသည့် အဓိက အယူအဆသဘောတရား ဖြစ်ပါသည်။

UNDP သည် ၂၀၁၈ ခုနှစ်တွင် အတည်ပြု ချမှတ်ခဲ့သော အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ (NEP) အသစ်အား အကောင်အထည်ဖော်ရာတွင် ပံ့ပိုးပေးရန်အလို့ငှာ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန (ECD) နှင့် ဆက်လက် ပူးတွဲလုပ်ဆောင်နေသည်။ မဟာဗျူဟာအဆင့်၊ အမျိုးသားအဆင့်တွင် UNDP သည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များအား မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) နှင့် အမျိုးသားအဆင့် ညှိနှိုင်းဆောင်ရွက်မှုဘောင် မူကြမ်း၌ ပါဝင်စေရန် ပံ့ပိုးပေးနိုင်ခဲ့သည်။ အမျိုးသားအဆင့် ညှိနှိုင်းဆောင်ရွက်မှုဘောင်မူကြမ်းသည် ကဏ္ဍ အလိုက် ပုံစံထုတ်ခြင်းနှင့် ဝန်ကြီးဌာနများ၏ တိုင်းဒေသကြီး/ပြည်နယ်ဆိုင်ရာ မူဝါဒနှင့် အစီအစဉ်များအား အချက်အလက်များ အထောက်အကူပြုပါသည်။

UNDP အနေဖြင့် ၂၀၁၈ ခုနှစ်တွင် ပြဌာန်းခဲ့သော CBPA ဥပဒေ ပြဌာန်းခြင်းအတွက် ပံ့ပိုးကူညီခဲ့ပါသည်။ ဤဥပဒေသည် သဘာဝ အရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း ပြုလုပ်မည့် ရပ်ရွာလူထုအသိုင်းအဝန်း၏ ကြိုးပမ်းမှုများကို အားပေးမည်ဟု ယုံကြည်သလို ရပ်ရွာလူထု၏ အသက်မွေး ဝမ်းကြောင်း အလုပ်များနှင့် ဝင်ငွေရရှိမှု နည်းလမ်း အမျိုးမျိုးတို့ကိုလည်း ပံ့ပိုးပေးပါမည်။ ထို့အပြင် လူထု၏ သစ်တောအရင်းအမြစ်များအပေါ် မှီခိုခြင်းအား လျော့ချပေးနိုင်ပါမည်။ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အမျိုးသားဥယျာဉ် (၃) ခု၌ စီမံခန့်ခွဲရေး အစီအစဉ်များသည် ရပ်ရွာလူထုအား ပါဝင်စေပြီး မှောင်ခို တောရိုင်း တိရိစ္ဆာန်များ ရောင်းဝယ်ခြင်း၊ သတ္တုတွင်းတူးဖော်ခြင်းနှင့် သစ်ခုတ်ခြင်း စသည့် ကြိုးပိုင်းသစ်တော ဇရိယာများအပေါ် ခြိမ်းခြောက်မှုများအား လျော့ချရာ၌ ထောက်ပံ့ပေးပါသည်။ ထိုအစီအစဉ်များအား သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (MoNREC) မှ အတည်ပြုရန် လက်ရှိတွင် စောင့်မျှော်နေပါသည်။

+ ၁,၅၀၀

ပြန်လည်စိုက်ပျိုးသော စပါးစိုက်ခင်းများကို ရေသွင်းစိုက်ပျိုးနိုင်ရန်အတွက် တောင်သူလယ်သမားအနေဖြင့် အကူအညီများ ရရှိခဲ့ကြသည်။

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ခုခံနိုင်စွမ်းအား ကောင်းစေခြင်းနှင့် ကာဗွန်ထွက်နှုန်းလျော့ချမှုသို့ ပြောင်းလဲခြင်း

ခုခံနိုင်စွမ်း ကောင်းမွန်ရေးအတွက် UNDP ၏ စီစဉ်ဆောင်ရွက်မှုနည်းလမ်းသည်အစိုးရအဖွဲ့များ၊ဌာနဆိုင်ရာများနှင့်ရပ်ရွာပြည်သူများအနေဖြင့် ပြဿနာများကို ပိုမိုကောင်းမွန်စွာ တုံ့ပြန်နိုင်စေရန်၊ ဘေးအန္တရာယ်များ လျော့ချနိုင်စေရန်နှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကို လျော့ပါးစေပြီး လိုက်လျောညီထွေ နေထိုင်နိုင်စေရန် တို့အတွက် မဟာဗျူဟာကျသော ပံ့ပိုးကူညီမှုများပေးရေးကို အခြေခံပါသည်။ ပဋိပက္ခဖြစ်ပေါ်စေသော အဓိက အကြောင်းအရင်းများကို ဖြေရှင်းဆောင်ရွက်နိုင်စေရန် အလို့ငှာ ခုခံနိုင်စွမ်းတည်ဆောက်ခြင်းကို ပေါင်းစပ်ထည့်သွင်း လုပ်ဆောင်ခြင်း၊ အားလုံးအကျုံးဝင်မှုရှိသော ဖွံ့ဖြိုးမှုကို အားပေးခြင်းနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတို့သည် ဇရိယာအခြေပြုအစီအစဉ် ရေးဆွဲဆောင်ရွက်ခြင်းနည်းလမ်း၏ အဓိက အကြောင်းအချက်များ ဖြစ်သည်။

မြန်မာနိုင်ငံသည် မြေငလျင်ဒဏ် ခံရနိုင်သောအခြေအနေတွင်ရှိကာ မုတ်သုန်မိုးကြောင့် ရေကြီးနိုင်သော အခြေအနေတွင် ရှိပါသည်။ ၂၀၁၈ ခုနှစ်တွင် UNDP သည် ရာသီဥတု ပြောင်းလဲခြင်းနှင့် သဘာဝ ဘေးအန္တရာယ်အား လျော့ချနိုင်စေရန်အလို့ငှာ အစိုးရ၏ သဘာဝ ဘေးဒဏ်ခံနိုင်မှုစွမ်းရည်ကောင်းရန် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ UNDP ၏ နည်းပညာအထောက်အပံ့များဖြင့် ငလျင်ဒဏ်အတွက် ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ အမျိုးသား စီမံချက်နှင့် ရန်ကုန်တိုင်းဆိုင်ရာ စီမံချက်တို့အား မူကြမ်းရေးဆွဲနိုင်ခဲ့သည်။ ဘေးအန္တရာယ် အကျရောက်နိုင်ဆုံးသော တိုင်းဒေသကြီး ပြည်နယ်များတွင်လည်း လူထုကြား အသိပညာပေး အစီအစဉ်များအား ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ် ဇွန်လ၌ မွန်ပြည်နယ်တွင် မိုးကြီးခြင်းကြောင့် ရေကြီးမှုဖြစ်လာချိန်နှင့် မိုးရာသီ စပါးခင်းများ ပျက်စီးချိန်တွင် UNDP သည် ပြည်နယ်နှင့် တိုင်းဒေသကြီးနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့အား ထောက်ပံ့ပေးခဲ့သည်။ ရာသီအလိုက် စိုက်ပျိုးသီးနှံများ လုံးဝ ဆုံးရှုံးသည့် အခြေအနေသို့ မရောက်စေရန် အလို့ငှာ လယ်သမား ၁,၅၀၀ ကျော်အား စပါးပြန်လည် စိုက်ပျိုးရန်အတွက် အကူအညီပေးခဲ့သည်။ သဘာဝဘေးအန္တရာယ် ကျရောက်ပြီး လိုအပ်ချက်များအား စစ်တမ်းကောက်ယူခြင်း (PDNA) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းအားဖြင့် UNDP သည် အဓိက ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်၍ သဘာဝ ဘေးအန္တရာယ်များ ကျရောက်လာသည့်အချိန်တွင် တုံ့ပြန်ဆောင်ရွက်ရန် အတွက် ရေရှည်တွင် ပြန်လည်ထူထောင်နိုင်မည့် လုပ်ငန်းစဉ်များနှင့် အချိန်နှင့်တပြေးညီ တုံ့ပြန်ဆောင်ရွက်မှုများ ချမှတ်နိုင်ရန် ကူညီနိုင်ခဲ့သည်။

UNDP သည် အမျိုးသားအဆင့် ပါဝင်ပတ်သက်သူများနှင့် ကျေးလက်လူထုနှင့် နီးစပ်စွာ ပူးတွဲလုပ်ကိုင်ခြင်းဖြင့် မိုးခေါင်ရေရှားမှုနှင့် မိုးမမှန်သော မြန်မာနိုင်ငံ ခြောက်သွေ့ဇုံဒေသရှိ လယ်သမားများ၏ ထိခိုက်လွယ်မှု အခြေအနေအား လျော့ချနိုင်ခဲ့သလို ရာသီဥတု ပြောင်းလဲခြင်းကြောင့် စားနပ်ရိက္ခာနှင့် ရေမလုံလောက်မှုကြောင့် ဆုံးရှုံးနိုင်ခြေ အခြေအနေအပေါ် ရပ်ရွာလူထု၏ ခံနိုင်စွမ်း အားကောင်းစေရန် ထောက်ပံ့ခဲ့သည်။ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေးအား ၅ မြို့နယ်ရှိ ကျေးရွာပေါင်း ၇၅ ရွာအတွက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး စီမံကိန်းများမှ တစ်ဆင့် ကျေးရွာတစ်ခုစီရှိ ရာသီဥတုဘေးအန္တရာယ် သတင်း အချက်အလက်ဆိုင်ရာ ဆပ်ကော်မတီနှင့်အတူ ဆောင်ရွက်နိုင်ခဲ့ပါသည်။

“ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံသားများကို သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းစောင့်ရှောက်ရေးကို အထောက်အကူဖြစ်စေရန် သူတို့ ရဲ့နေ့စဉ်လူနေမှုပုံစံများကို ပြောင်းလဲခြင်းဖြင့် ကျွန်တော်တို့တိုင်းပြည်ရဲ့ လက်ရှိနဲ့ အနာဂတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့ အတွက် ပါဝင်ဆောင်ရွက်ကြပါလို့ တိုက်တွန်းချင်ပါတယ်”

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ မိတ်ဆက်ပွဲအခမ်းအနားသို့တက်ရောက်လာသော နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်

စီးပွားရေးလုပ်ငန်းများနှင့် ဆန်းသစ်တီထွင်မှုရှိသော ပေါ်ထွန်းစလုပ်ငန်းများ အတွက် လုပ်နိုင်ကိုင်နိုင်ရှိသော ဝန်းကျင်တစ်ခု ဖန်တီးပေးခြင်း

အမျိုးသမီးများနှင့် လူငယ်များကို အဓိထားလျက် SDG ပန်းတိုင်များ အောင်မြင်ရရှိရန် ဆန်းသစ်တီထွင်မှုရှိသော ဖြေရှင်းနည်းများ အတွက် မိုဘိုင်းနည်းပညာကို တွန်းအားပေးဆောင်ရွက်ရန် UNDP သည် Ooredoo Myanmar နှင့် နားလည်မှုစာချွန်လွှာတစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကြောင့် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် မြန်မာနိုင်ငံ၏ အကြီးဆုံး Hackathon ပေါ်ထွန်းစေပြီး၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးတို့အတွက် ဆန်းသစ်တီထွင်မှုရှိသော ဒစ်ဂျစ်တယ် ဖြေရှင်းမှုနည်းလမ်း များစွာတို့ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ (မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ကြည့်ပါ)

UNCTAD နှင့် မိတ်ဖက်ပူးပေါင်းလျက် စီးပွားရေးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်းအစီအစဉ်အရ UNDP သည် Hackathon မှ အလားအလာရှိသော ဆန်းသစ်တီထွင်သူများနှင့်စီးပွားရေး လုပ်ငန်းရှင်များ စုစုပေါင်း ၂၀ ဦးကို လေ့ကျင့်သင်တန်းပေးရန် ရှေ့ပြေးအစီအစဉ် တစ်ရပ်ကို စတင်ဆောင်ရွက်ခဲ့သည်။ ၄င်းတို့ကို အကောင်းဆုံးလုပ်ငန်းရှင်များ ဖြစ်စေရေး စာသင်ခန်းအတွင်း သင်ကြားပို့ချမှုပေးခဲ့သလို၊ နောက်ပိုင်းတွင် အနီးကပ်ကြီးကြပ်မှုဖြင့် လိုအပ်သည့် အကြံဉာဏ်များပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းအစပျိုး တည်ထောင်မှုအတွက် ဝန်ဆောင်မှုများပေးခြင်း တို့ကို Ooredoo နှင့် UNDP တို့က Impact Hub နှင့် ပူးပေါင်းကာ ဖြည့်ဆည်းပေးခဲ့သည်။

အပူပိုင်းဒေသတွင် ရေနှင့် စားနပ်ရိက္ခာ ဖူလုံမှု တိုးတက်ကောင်းမွန်လာစေခြင်း

ဓာတ်ပုံ - Andrea Agan

အပူပိုင်းဇုန်သည် မြန်မာနိုင်ငံတွင် ရာသီဥတုကြောင့် ထိခိုက်မှုဒဏ် ခံစားရဆုံးနှင့် သဘာဝသယံဇာတ အရှားပါးဆုံး ဒေသများထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ အဆိုပါဒေသသည် မြန်မာနိုင်ငံ စုစုပေါင်း မြေဧရိယာ၏ ၁၀% ရှိပြီး၊ လူဦးရေ ၁၈ သန်း (စုစုပေါင်း လူဦးရေ၏ ၃၄%) နေထိုင်ကြသည်၊ တိုင်းပြည်၏ တတိယ လူဦးရေ အသိပ်သည်းဆုံး နေရာတစ်ခုဖြစ်သည်။ အဆိုပါဒေသ တစ်ခုလုံးတွင် ရေရှားပါးခြင်း၊ ဟင်းသီးဟင်းရွက်သီးနှံ ထွက်ရှိမှု နည်းပါးခြင်းနှင့် မြေဆီလွှာ တိုက်စားမှုများကြောင့် မြေအရည်အသွေး နိမ့်ကျမှုများ ဖြစ်ပေါ်နေပါသည်။

အပူပိုင်းဇုန်တွင် နေထိုင်ကြသော ပြည်သူများအား ခံနိုင်ရည်စွမ်း မြှင့်တင်ပေးရန်အတွက် မြန်မာနိုင်ငံ အစိုးရသည် UNDP နှင့် Adaptation Fund တို့၏ ပံ့ပိုးကူညီမှုနှင့်အတူ သန့်ရှင်းသော သောက်သုံးရေ ရရှိမှု မြှင့်တင်ပေးခြင်း၊ စိုက်ပျိုးရေး နည်းစနစ်များ ကောင်းမွန်စေခြင်း၊ ဝင်ငွေရရှိသည့် အရင်းအမြစ်များ တိုးတက်များပြားစေခြင်း၊ ရာသီဥတု အန္တရာယ် သတင်း အချက်အလက်များ ဖြန့်ဝေပေးမှု မြှင့်တင်ခြင်းနှင့် ရေရှည် ဖြေရှင်းမှုများတွင် ရပ်ရွာပြည်သူများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းတို့ဆိုင်ရာ စီမံကိန်း တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်။

“ ကျွန်မ အခု အရမ်းပျော်ပါတယ်၊ ဘာလို့လဲဆိုတော့ ဒီလယ်ကွက်တစ်ခုတည်းကဘဲ နောက်ထပ် နှစ်သီး ရိတ်သိမ်းနိုင်လို့ပါ၊ တစ်သီး မအောင်ရင် အခြား နှစ်သီးကို ရိတ်သိမ်းလို့ ရနိုင်ပါသေးတယ် ”

ဒေါ်ဝင်းမေ

အဆိုပါ စီမံကိန်း ၄ နှစ်အတွင်းသို့ ဝင်ရောက်လာခြင်း နှင့်အတူ အပူပိုင်း ခြောက်သွေ့ဒေသအတွင်းရှိ ပြည်သူများသည် အကျိုးကျေးဇူးများကို စတင် ခံစားနေကြရပြီ ဖြစ်သည်။ UNDP သည် မြို့နယ် ၅ မြို့နယ် (ရွှေဘို၊ မုံရွာ၊ မြင်းခြံ၊ ညောင်ဦး၊ နှင့် ချောက်) ရှိ အရည်သွေးကျဆင်းနေသော မြေ ၈,၀၆၂ ဟက်တာကျော်ကို ကာကွယ်စောင့်ရှောက်မှုနှင့် ပြန်လည် ထူထောင်မှုတို့တွင် ပံ့ပိုးကူညီမှုပေးခဲ့ပြီး၊ မြေ ၁,၆၀၀ ဟက်တာ အပေါ်တွင် မြေဆီလွှာ ထိန်းသိမ်းစောင့်ရှောက်မှု နည်းလမ်းများကို လက်တွေ့ သရုပ်ပြခဲ့သည်။ အိမ်ထောင်စု ၁၇,၆၈၀ ခန့် တို့သည် ရာသီဥတုဒဏ်ခံနိုင်စွမ်းရှိသော စိုက်ပျိုးရေး နည်းလမ်းများဖြင့် အကျိုးကျေးဇူးခံစား ရရှိခဲ့ကြပြီး၊ အိမ်ထောင်စု ၇,၁၉၇ စုတို့သည် ရာသီဥတုဒဏ် ခံနိုင်စွမ်းရှိသော မွေးမြူရေးထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာ နည်းစနစ်များ၏ အကျိုးကျေးဇူးကို ရရှိခံစားခဲ့ကြ ပါသည်။

ဤစီမံကိန်းမှ စက်ရေတွင်း ၁၂ တွင်း၊ ရေတွင်း ၂၀ တွင်း၊ ရပ်ရွာလူထုစုပေါင်း ရေကန် ၅၆ ခု တို့ကို တည်ဆောက်ပေးခဲ့ပြီး၊ ရေလှောင်ကန် ၁၃၆ ကန် တို့ကို ပြုပြင်ထိန်းသိမ်းပေးခဲ့သည်။ ဒေသဆိုင်ရာ ရေအသုံးချသူအုပ်စုသစ် ၃၈ ခုကို တည်ထောင်ခဲ့ပြီး၊ အဆိုပါ အခြေခံ အဆောက်အအုံများကို လည်ပတ် ဆောင်ရွက်နိုင်ရန်နှင့် ရေရှည် ထိန်းသိမ်းနိုင်ရန် စွမ်းရည်များ ဖြည့်ဆည်းပေးခဲ့သည်။

ဒေါ်ဝင်းမေသည် မြန်မာနိုင်ငံ အပူပိုင်း ခြောက်သွေ့ ဒေသတွင် နေထိုင်သော အသက် ၃၂ နှစ်ရှိ တောင်သူအမျိုးသမီးဖြစ်ပြီး လွန်ခဲ့သော ၅ နှစ်တာ ကာလအတွင်း သူမ၏ မိသားစုပိုင် ယာခင်းတွင် စိုက်ပျိုးလုပ်ကိုင်နေသူဖြစ်သည်။ မြင်းခြံမြို့နယ် ကျောက်ကန်ကျေးရွာတွင် နေထိုင်ပြီး သူမ၏ မိသားစုသည် အဓိကအားဖြင့် ရှေးရိုးစဉ်လာ တစ်သီးစားစနစ်ဖြင့် မြေပဲ စိုက်ပျိုးလုပ်ကိုင်ကြသည်။ မြေပဲသည် စားသုံးဆီ ထုတ်လုပ်ခြင်းနှင့် စားသုံးသီးနှံ အဖြစ် နိုင်ငံတွင်း အရေးပါသည့် သီးနှံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် လယ်ယာမြေအနည်းငယ်ပိုင်ဆိုင်သော တောင်သူလယ်သမား ထောင်ပေါင်းများစွာတို့သည် မြေပဲကို မိသားစု စားသုံးရန်အတွက်နှင့် ဝင်ငွေရရှိသော သီးနှံအဖြစ် စိုက်ပျိုးကြပါသည်။

“ကျွန်မ အရမ်းအရှုံးပေါ်နေခဲ့ပါတယ်၊ စိုက်ပျိုးရေး အလုပ်ကိုတောင် စွန့်လွှတ်ဖို့ စဉ်းစားနေခဲ့ပါတယ်၊ ဘာကြောင့်လည်းဆိုတော့ ကျွန်မ လုပ်ငန်းနဲ့ ဝင်ငွေ ဘယ်လိုတိုးတက်အောင် လုပ်ဆောင်ရမယ်ဆိုတာ မသိတော့လို့ပါ” ဟု ဒေါ်ဝင်းမေက ပြောသည်။

ဒေါ်ဝင်းမေသည် ရာသီဥတုဒဏ် ခံနိုင်စွမ်းရှိသည့် စိုက်ပျိုးရေး နည်းစနစ်များဆိုင်ရာ သင်တန်းများတွင် ပါဝင်တက်ရောက်ခဲ့သည့် အပူပိုင်းဒေသမှ တောင်သူ လယ်သမားများစွာ တို့ထဲမှ တစ်ဦးဖြစ်သည်၊ အဆိုပါ သင်တန်းတွင် ပို့ချသည့်နည်းစနစ်များမှာ သီးနှံမျိုးစုံ ရွေးချယ်အသုံးပြုခြင်း၊ မျိုးစေ့ဘဏ် တည်ထောင်ခြင်း၊ ရေရွှေ့တာရေးနည်းလမ်းများ၊ သီးနှံ ကြားညှပ် စိုက်ပျိုးခြင်းနှင့် သစ်သီးပင်များ ထုတ်လုပ်မှု နည်းစနစ် များ ပါဝင်ပါသည်။ အဆိုပါသင်တန်းများကြောင့် တောင်သူလယ်သမားများသည် နည်းစနစ်သစ်များကို လေ့လာသိရှိလာကြပြီး၊ ၎င်းတို့သည် လက်ရှိအချိန်တွင် ပြောင်းလဲနေသော ရာသီဥတု အခြေအနေများနှင့် လိုက်လျောညီထွေ ဆောင်ရွက်နိုင်နေကြပြီဖြစ်သည်။

“ကျွန်မ အခု အရမ်းပျော်ပါတယ်၊ ဘာကြောင့်လည်း ဆိုတော့ ဒီမြေကွက် တစ်ခုတည်းကဘဲ သီးနှံ ၂ မျိုးထက် ပို့ပြီး ရိတ်သိမ်းနိုင်လို့ပါ။” ဟု ပြီးခဲ့သည့် ရာသီက ရိတ်သိမ်းထားသော သီးနှံများကို ပြသရင်း ဒေါ်ဝင်းမေက ထုတ်ဖော်ပြောဆိုပါသည်။

ခြံငုံကြည့်လျင် အိမ်ထောင်စု ၃၈% က ၎င်းတို့၏ စားနပ်ရိက္ခာဖူလုံမှု/ဝင်ငွေသည် ဤစီမံကိန်းကြောင့် တိုးတက်လာသည်ဟု ပြောဆိုကြပါသည်။ စီမံကိန်းတွင် မိုးခေါင်မှုဒဏ်ခံနိုင်စွမ်းရှိသော သီးနှံများ မိတ်ဆက်ခြင်း၊ စိုက်ပျိုးနည်းစနစ်များ အမျိုးမျိုး ရှင်းလင်းပြသခြင်းနှင့် မိုးခေါင်ခြောက်သွေ့မှုဒဏ် ခံနိုင်သော မွေးမြူရေး တိရိစ္ဆာန် မျိုးစိတ်များ ပေးအပ်ခြင်းနှင့် ဆက်စပ် တိရိစ္ဆာန် မွေးမြူရေး နည်းစနစ်များ မျှဝေပေးခြင်းတို့ကို ပြုလုပ်ခဲ့ ပါသည်။

ရခိုင်ပြည်နယ်တွင် တရားဥပဒေစိုးမိုးရေးအစီအစဉ်
ဖတင်ဖွင့်လှစ်သည့် အခမ်းအနားသို့ တက်ရောက်လာသော
အမျိုးသမီး ဥပဒေအရာရှိများ

ကျား-မ တန်းတူညီမျှရေးနှင့် ပဋိပက္ခ သတိချပ်ခြင်းတို့ကို ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်ခြင်း

UNDP သည် အစိုးရနှင့် ဒေသခံ ရပ်ရွာလူထုများအား သဘာဝ ဘေးအန္တရာယ်နှင့် ရာသီဥတု အပြောင်းအလဲများအတွက် ပိုမို ကောင်းမွန်စွာ ပြင်ဆင်ထားနိုင်ရန်လည်းကောင်း၊ အမျိုးသမီးများအား မြန်မာလူအဖွဲ့အစည်းအတွင်း ပိုမိုညီမျှမှုရှိသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရန်တို့အတွက်စွမ်းရည်မြှင့်တင်ပေးရန်လည်းကောင်း၊ပဋိပက္ခသတိချပ်ခြင်းနည်းလမ်းဖြင့်ဆောင်ရွက်ရန်လည်းကောင်း အစီအစဉ် ရေးဆွဲစဉ်နှင့် အကောင်အထည်ဖော်မှု ကာလတို့အတွင်း အကြောင်းအရာများကို နက်ရှိုင်းစွာသိရှိပြီး သရုပ်ခွဲသုံးသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကျား - မတန်းတူညီမျှရေး

ကျား-မ တန်းတူညီမျှရေးကို အားပေးပြီး အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးအား UNDP ၏ လုပ်ငန်းအားလုံးတွင် ပါဝင်ရန် အလေးအနက်ထားပါသည်။ ကျား-မ အခွင့်အရေးကို အဓိက ရည်မှန်းသော ဝင်ရောက် ဆောင်ရွက်ခြင်းများနှင့် မူဝါဒနှင့် အစီအစဉ်များ ဖော်ထုတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည် ဖော်ခြင်းနှင့် အကဲဖြတ်ခြင်း အဆင့်အားလုံးတွင် ကျား-မအခွင့်အရေးကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ဆောင်ရွက်ပါသည်။ ကျား-မ တန်းတူညီမျှရေးသည် SDGs ပန်းတိုင်များ အောင်မြင်ရေးအတွက် ကြိုတင်ထားရှိရမည့် မောင်းနှင်အားဖြစ်သောကြောင့် UNDP သည် ကျား-မအခွင့်အရေး ဆန်းစစ်လေ့လာခြင်းနှင့် ကျား-မ ခွဲခြား ပြုစုထားသည့် အချက်အလက်များကို အားထားပြီး ယင်းတို့ အချင်းချင်းအကြား ချိတ်ဆက်နေသော ဖွဲ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းပေးရန် ကဏ္ဍအားလုံးအပေါ် ပေါင်းစည်းကြည့်ရှုသည့် ချဉ်းကပ်ပုံဖြင့် ကြိုးပမ်းပါသည်။

အမျိုးသမီးရှေ့နေများ၊ ဥပဒေဆရာမများ နှင့် ရပ်ရွာလူထုကိုယ်စားလှယ်များ စုစုပေါင်း **၈၀၀** ဦးတို့ကို တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး နှင့် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မအခြေပြုအကြမ်းဖက်မှု အကြောင်းအရာတို့ သင်တန်းပို့ချပေးခဲ့ပါသည်။

UNDP သည် အောက်ပါ ဦးစားပေးလုပ်ငန်း ၄ ရပ်ကို အလေးထား ဆောင်ရွက်ပါသည်။

- လုပ်ခလစာမရရှိသော ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာအလုပ်များ၏ အမျိုးသမီးများအပေါ် မမျှမတ ဝန်ထုပ်ဝန်ပိုးများ ပိုနေခြင်း အပါအဝင် အမျိုးသမီးများ၏ စီးပွားရေး စွမ်းရည်မြင့်မားရေးအတွက် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အတားအဆီးများကို ဖယ်ရှားခြင်း၊
- ကျား-မအခြေပြု အကြမ်းဖက်မှုများကို တုံ့ပြန်ဖြေရှင်းခြင်း၊
- ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ပုံစံများ အားလုံးတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ဦးဆောင်မှုကို မြှင့်တင်ပေးခြင်း၊
- ပြဿနာကိစ္စရပ်များ (ပဋိပက္ခနှင့်ဘေးအန္တရာယ်များ) တားဆီးခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း နှင့် ပြန်လည်ထူထောင် ခြင်းများတွင် ကျား-မရေးရာအလေးထားသော မဟာဗျူဟာများ ခိုင်မာအားကောင်းစေခြင်း

နိုင်ငံရေးကဏ္ဍတွင် အမျိုးသမီးများ ပါဝင်လာစေရေး ပံ့ပိုးခြင်း

“ကျွန်မဟာ လူမှုရေးနဲ့ ရပ်ရေးရွာရေး အလုပ်တွေ များစွာဆောင်ရွက်ခဲ့တဲ့အတွက် ကျွန်မရဲ့ ရပ်ရွာထဲမှာ လူသိများပါတယ်၊ ကျွန်မရဲ့ ယောကျ်ားထီးကလည်း အုပ်ချုပ်ရေးမှူး ဖြစ်ပါတယ်။ စီးပွားရေး လုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ကျွန်မရဲ့ ပြိုင်ဖက်က ငွေကြေးကို အသုံးပြုပြီး မဲဆွယ်ခဲ့ပေမယ့် မဲဆန္ဒရှင် ပြည်သူတွေက ကျွန်မကိုပဲ မဲထည့်ခဲ့ပါတယ်။”

ဒေါ်ကြည်ချမ်း

မြန်မာနိုင်ငံတွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၁၆,၈၂၉ ဦး တို့အနက် ၁၀၉ ဦးသာလျင် အမျိုးသမီးများ ဖြစ်ကြသည်။ ယင်းတို့ထဲမှ တစ်ဦးမှာ ဒေါ်ကြည်ချမ်း (၄၇ နှစ်) ဖြစ်ပြီး၊ ကလေး ၃ ယောက် မိခင်ဖြစ်သည်။ သူမသည် ကော့လိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဖြစ်ပြီး ရေးမြို့နယ်ရှိ တစ်ဦးတည်းသော အမျိုးသမီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖြစ်သည်။ သူမသည် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အရွေးခံခဲ့ရပြီး၊ အုပ်ချုပ်ရေးမှူးအဖြစ် ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် စတင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဒေါ်ကြည်ချမ်း၏ ရုံးကို တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ် ဖွင့်လှစ်ပါသည်။ သူမသည် ဆယ်အိမ်မှူး/ရာအိမ်မှူးများ နှင့်အတူ ရပ်ရွာအတွင်း လှည့်လည်သွားရောက်ပြီး ပြည်သူများ၏ တိုင်ကြားမှုများကို ဖြေရှင်း စီမံဆောင်ရွက် ပေးသည်။ တိုင်ကြားမှုအများစုမှာ ငွေစုငွေချေး ကိစ္စများ၊ ငွေကြေးချေးငှားသည့် အဖွဲ့များနှင့် ပတ်သက်ပါသည်။ သူမသည် ၎င်းတို့အား ကူညီမှုပေးနိုင်ရန်အတွက် ဒေသခံစေ့ငံုတစ်ခု တည်ဆောက်ရေးနှင့် ရပ်ရွာဦးဆောင် အဖွဲ့များ ဖွဲ့စည်းရေးကို စဉ်းစား ဆောင်ရွက်ခဲ့ရာ ယင်းတို့သည် သူမ၏ အကြီးမားဆုံး အောင်မြင်မှုများ ဖြစ်ပါသည်။

ဒေါ်ကြည်ချမ်းအနေဖြင့် UNDP စွမ်းရည်မြှင့်တင်ရေး အစီအစဉ်အပေါ် အပြုသဘောဆောင်သော အမြင် ရှိပါသည်။ *“ကျွန်မ အရမ်းကို အားတက်မိပါတယ်၊ ဒါဟာ ကျွန်မအတွက် ရပ်/ကျေးအုပ်ချုပ်ရေးမှူး နောက်တကြိမ် ဒါမှမဟုတ် လွှတ်တော်ထဲမှာ တစ်နေရာ ရရှိရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ဖို့ စိတ်ဓာတ်ခွန်အား မြှင့်တင်ပေး ပါတယ်၊ ကျွန်မ အမျိုးသားက ကျွန်မအပေါ် နားလည်မှု ရှိသလို အိမ်အလုပ်တွေ ဝိုင်းကူလုပ်ကိုင်ပေးခြင်းအပြင် ပံ့ပိုးမှုတွေ အများကြီးပေးပါတယ်၊ ကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ အမျိုးသမီး ၁၀ အိမ်မှူးတွေကို ကျွန်မ အနေနဲ့ သတင်းပါးချင်တဲ့ အချက်လား။ ကျွန်မ သူတို့ကို အလုပ်ကြိုးစားစေချင်ပါတယ်။ သူတို့အနေနဲ့ ၂၀၂၀ ခုနှစ် ရပ်/ကျေးအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲမှာ အရွေးခံချင်တယ်ဆိုရင် ကျွန်မ နောက်ဆုတ်ပေးပါမယ်၊ ဒါပေမယ့် ကိုယ်စားလှယ်လောင်းတွေက အမျိုးသားတွေ ချည်းပဲ ဆိုရင်တော့ ကျွန်မ နောက်ဆုတ်ပေးမှာ မဟုတ်ဘဲ၊ အနိုင်ရဖို့ ဆက်လက် တိုက်ပွဲဝင်သွားမှာပါ၊ အနာဂတ်မှာ ရေးမြို့နယ်အတွင်းမှာ အမျိုးသမီးတွေ ပိုပြီး ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေ ဖြစ်လာစေချင်ပါတယ်။”*

ဓာတ်ပုံအညွှန်းစာ
မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများ လမ်းညွှန်စာအုပ်ပါ အခြေခံမူများနှင့်အညီ ရာဇဝတ်မှု တရားစွဲဆိုခြင်းလုပ်ငန်းစဉ် တိုးတက်ကောင်းမွန်ရေးဆိုင်ရာ အဖွဲ့လိုက်ဆွေးနွေးပွဲတစ်ခုကို ဦးဆောင် ဆွေးနွေးနေသည့် အမျိုးသမီးဥပဒေအရာရှိတစ်ဦး

UNDP သည် ၂၀၁၇ ခုနှစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် လက်တွဲပြီး ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍတွင် ကျား-မ တန်းတူ ညီမျှမှု ခေါင်းစဉ် (GEPA) ဖြင့် သုတေသနနှင့် မူပါဒဖွံ့ဖြိုးမှုဆောင်ရွက်ခြင်း အစီအစဉ်တစ်ရပ်ကို စတင်ခဲ့ပါသည်။ ပထမအဆင့် အနေဖြင့် ကျယ်ပြန့်သော (GEPA) လေ့လာမှုလုပ်ငန်းစဉ်သည် ၂၀၁၈ တွင် ပြီးစီးခဲ့သည်။ လေ့လာမှုတွင် အစိုးရဝန်ထမ်း ၅၀၀ ကျော် ပါဝင်ခဲ့ပြီး အမျိုးသမီးများ တိုးတက်ရေးဆိုင်ရာ မြန်မာနိုင်ငံ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ မှ နိုင်ငံဝန်ထမ်းများနှင့် သက်ဆိုင်သော ပန်းတိုင်များနှင့် အမျိုးသမီးများ၏ အိမ်ထောင်ထိန်းသိမ်းရေး တာဝန်များ၊ လုပ်ငန်းခွင် အခြေအနေ၊ မီးဖွားခွင့်နှင့် ရာထူးတိုးတက်ရေး စသော အကြောင်းအရာများ ပါဝင်ပါသည်။

လေ့လာချက်၏ ရလဒ်များသည် အများပြည်သူ ဆွေးနွေးပွဲများ အတွက် အရေးကြီးရုံမက ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကျား-မ ရေးရာ ကွဲပြားခြားနားမှုနှင့် အားလုံးပါဝင်နိုင်မှုလုပ်ငန်း စီမံချက် အတွက် အခြေခံလည်း ဖြစ်လာပါမည်။ ယင်းစီမံချက်ကို LEAP ၏ အထောက်အပံ့ဖြင့် ၂၀၁၉ ခုနှစ်တွင် ရေးဆွဲပါမည်။

UNDP ၏ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ငန်းများတွင် မြို့နယ်အဆင့် နှစ်စဉ် စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်များတွင် ဒေသန္တရ ပါဝင်ပတ်သက်သူများ ပိုမိုပါဝင်နိုင်စေသော ပုံစံကို အစပြု မိတ်ဆက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းရည်မြှင့်တင်မှုကို အထောက်အကူ ပြုခဲ့ပါသည်။ ယခုအခါ UNDP ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်နေသော မြို့နယ် နှစ်စဉ် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် ပါဝင်သူများ၏ ၃၀ ရာခိုင်နှုန်းနီးပါးသည် အမျိုးသမီးများ ဖြစ်ကြပါသည်။ UNDP သည် ဒေသန္တရအုပ်ချုပ်ရေးတွင် အမျိုးသမီးများပါဝင်မှုအဆင့်ကို နောက်ထပ်မြှင့်တင်ပေးရန်အတွက် အမျိုးသမီး ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဆယ်အိမ်မှူးများကို သင်တန်းများ ပေးနေပြီး တစ်နိုင်ငံလုံးရှိ အမျိုးသမီး ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၁၀၇ ဦးအတွက် နှစ်ပတ်လည် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပေးခဲ့ပါသည်။

UNDP သည် အမျိုးသမီးများ၏ ဥပဒေပါ အခွင့်အရေးများ လက်လှမ်းမီရေးကိုလည်း အထောက်အကူပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အမျိုးသမီး တရားသူကြီးများ၊ ဥပဒေဝန်ထမ်းများ၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တရားရေးဝန်ထမ်းများ စုစုပေါင်း ၂၂၇ ဦးတို့ကို တရားဥပဒေစိုးမိုးရေး၊ လူအခွင့်အရေး၊ ကျား-မ တန်းတူရေးနှင့် မျှတစွာ တရားစီရင်ခံရရေး စံနှုန်းများဆိုင်ရာ သင်တန်းများပေးခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်ရှေ့နေချုပ်ရုံးကို အမျိုးသမီးများ၏ အခွင့်အရေးကို အကာအကွယ်ပေးရေးဆိုင်ရာ အခန်း သီးသန့်ပါဝင်သော မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများလက်စွဲစာအုပ် (Fair Trial Standards) ပြုစု ထုတ်ဝေမှုကို အထောက်အပံ့ ပေးခဲ့ပါသည်။

ကျား-မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းရည်မြှင့်တင်မှုတို့ကို တရားဥပဒေစိုးမိုးရေးစင်တာ (Rule of Law Centres) များမှတဆင့် ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ အမျိုးသမီးရှေ့နေများ၊ ဥပဒေ ဆရာမများနှင့် ရပ်ရွာကိုယ်စားလှယ် ၈၀၀ ကျော် တို့အား တရားဥပဒေ စိုးမိုးရေး၊ လူအခွင့်အရေးအပြင် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုများ (SGBV) အကြောင်း သင်တန်း ပေးခဲ့ပါသည်။ ထို့ပြင် တရားဥပဒေစိုးမိုးရေး၊ လူအခွင့်အရေးနှင့် ကျား-မအခွင့်အရေးဆိုင်ရာ ရွှေ့လျားသင်တန်းများကို ကချင်ပြည်နယ်ရှိ ဒုက္ခသည် စခန်းများတွင် ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့ပြင် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုများအကြောင်း နားလည်သိရှိရန်နှင့် ရခိုင်ပြည်နယ်မှ အကြမ်းဖက်ခံရသူများကို ဥပဒေ အထောက်အကူ ပေးရန်အတွက် ပြည်တွင်းမှ ဥပဒေရေးရာ ကုစားရေးအဖွဲ့(မြန်မာ) (Legal Clinic Myanmar) အမည်ရှိ အဖွဲ့အစည်းအား အထောက်အပံ့ ပေးခဲ့ပါသည်။

ရေရှည်တည်တံ့ခိုင်း အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးမှုအစီအစဉ်များ၏ ကွင်းဆင်းလုပ်ငန်းများတွင်လည်း ကျား-မ ရေးရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့သည်။ ဥပမာ - UNDP ၏ ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ အပူပိုင်းဇုန်ရှိ ရာသီဥတုနှင့် လိုက်လျောညီထွေ နေထိုင်မှု စီမံကိန်းအရ သင်တန်းအမျိုးမျိုး ပေးခဲ့ရာ သင်တန်းသူ/ သား ပေါင်း ၁၀,၁၁၂ ဦးအနက် ၃၂ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြပါသည်။

UNDP ၏ အကြံပြုဆွေးနွေးမှုများဖြင့် မြန်မာနိုင်ငံအစိုးရ၏ ဇီဝမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း (Convention on Biological Diversity) အရ ၆ ကြိမ်မြောက် တင်သွင်းသည့် အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် အမျိုးသမီးများသည် ရပ်ရွာအုပ်စုများအတွင်း အရေးပါသည့် နေရာများတွင် ရံဖန်ရံခါ ပါဝင်နေကြသော်လည်း ကျား-မ တန်းတူညီမျှမှု မရှိခြင်းသည် သိသာသောကိစ္စအဖြစ် ရှိနေသေးသည်ကို ပြသနေကြောင်းကို ဖော်ပြခဲ့ပါသည်။ UNDP ပါဝင်ရေးဆွဲအကြံပြုခဲ့သော အမျိုးသား ပတ်ဝန်းကျင်မူဝါဒအသစ်၏ စည်းမျဉ်း ၂၃ ချက်အနက် တစ်ချက်မှာ ကျား-မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ စွမ်းရည်မြှင့်တင်ပေးရန်တို့သည် ပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်ပေးရေးနှင့် စီမံခန့်ခွဲရေးတွင် ဆီလျော်မှု ရှိခြင်းကို ဖော်ပြထားပါသည်။

ဓာတ်ပုံ - သန်းဇော်လွင်

ပဋိပက္ခသတိချပ်ခြင်း စွမ်းရည်မြှင့်တင်ပေးရန်အတွက် UNDP ဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့များအတွက် အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ ကျင်းပ ပို့ချပေးခဲ့သည်။

ပဋိပက္ခ သတိချပ်မှု

ပဋိပက္ခများ ဖြစ်စေသော အကြောင်းအရာများတွင် လူအများကို ချိတ်ဆက်ပေါင်းစည်းစေသော အချက်များအား ခွဲထုတ်သည့် လက္ခဏာများ ပါရှိပါသည်။ ယင်းအချက်များသည် ကိစ္စရပ်တစ်ခုချင်းအလိုက် ခြားနားမှုရှိခြင်းသည် အစီအစဉ်များနှင့် ပြုမူဆောင်ရွက်မှုများကို လိုက်လျောညီထွေအောင် ပဋိပက္ခကို သတိပြုသောနည်းဖြင့် ပုံစံထုတ် စီမံခန့်ခွဲရပါမည်။

UNDP ၏ ဖွံ့ဖြိုးရေးအစီအစဉ်များသည် မြန်မာနိုင်ငံအတွင်းသို့ အရင်းအမြစ်အသစ်များနှင့် အခွင့်အလမ်းများကို ယူဆောင်လာခြင်းကြောင့် ရပ်ရွာအတွင်းနှင့် ရပ်ရွာများအကြားရှိ အင်အားပုံစံများသည် မလွဲမသွေ ပြောင်းလာမည် ဖြစ်သည်။ ဤတွင် UNDP သည်လည်း ပဋိပက္ခများ၏ အစိတ်အပိုင်း ဖြစ်လာနိုင်ပါသည်။ ပဋိပက္ခသတိချပ်ခြင်းသည် မရည်ရွယ်ဘဲ နောက်ထပ် ကွဲပြားမှုကို အားပေးရာ ရောက်မည့်အရေးကို ရှောင်ရှားနိုင်ရန်အတွက် မိမိ၏ အစီအစဉ်များနှင့် အပြုအမူများကို ပုံစံထုတ်၊ စီမံခန့်ခွဲပြီး လိုက်လျောညီထွေဖြစ်စေပြီး ဖြစ်နိုင်ပါက လူမှုသဟဇာတဖြစ်မှုနှင့် ငြိမ်းချမ်းရေးကို ခိုင်မာစေရေးအတွက် အထောက်အကူပြုနိုင်မည့် လုပ်ငန်းများအဖြစ် မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

အတိုချုံးဆိုရလျှင် ပဋိပက္ခသတိချပ်မှုသည် UNDP က လုပ်ကိုင်ဆောင်ရွက်သည့် နည်းလမ်း တစ်ခုဖြစ်ပြီး အောက်ပါ အတိုင်း လုပ်ဆောင်နေပါသည်။

- အုပ်စုအတွင်းနှင့် အုပ်စုများအကြား တင်းမာမှုများနှင့် ပဋိပက္ခ ဖြစ်နိုင်ခြေရှိသော သဘောထားကွဲပြားမှု အဖြစ်နိုင်ဆုံး ကိစ္စရပ်များနှင့် ပဋိပက္ခကို လျော့နည်းစေပြီး လူမှုပေါင်းစည်းမှုကို ခိုင်မာစေမည့် ချိတ်ဆက်ပေးနိုင်သည့် ကိစ္စရပ်များအား သိရှိနားလည်ခြင်း၊
- UNDP ၏ အစီအစဉ်များနှင့် အပြုအမူများသည် ပဋိပက္ခ အကြောင်းအရာနှင့် မည်ကဲ့သို့ အပြန်အလှန် ဆက်သွယ်ပြီး ပြောင်းလဲမှုရှိစေမည်ကို သိရှိနားလည်ခြင်း၊
- မရည်ရွယ်ဘဲနောက်ထပ်ကွဲပြားမှုများကိုအားပေးရာရောက်မည့် အရေးကို ရှောင်ရှားပြီး ဖြစ်နိုင်ပါက လူမှုပေါင်းစည်းမှုနှင့် ငြိမ်းချမ်းရေးကို ခိုင်မာစေအောင် လုပ်ဆောင်နိုင်မည့် အလားအလာကို အများဆုံး အသုံးချနိုင်ရန်အတွက် အထက်ပါ သိရှိနားလည်မှုဖြင့်ဆောင်ရွက်ခြင်း၊

အထက်ပါ လိုအပ်ချက်များကို အခြေခံလျက် UNDP က အစီအစဉ်များ ရေးဆွဲရာတွင် ဒေသနှင့်ကိုက်ညီပြီး မြန်မာနိုင်ငံ၏ အရေးကြီးသော ကွဲပြားခြားနားမှုများကို ထည့်သွင်းစဉ်းစားသော အထူးသဖြင့် ပြည်သူပါဝင်လုပ်ကိုင်နိုင်ပြီး အားလုံးအကျုံးဝင်သည့် အားကောင်းသော နက်ရှိုင်းသည့် ပဋိပက္ခ လေ့လာသုံးသပ်မှုတို့ဖြင့် လုပ်ဆောင်ပါသည်။ UNDP ၏ မြန်မာနိုင်ငံ အစီအစဉ် (၂၀၁၈-၂၀၂၂) သည် အစိုးရ၏ MSDP (၂၀၁၈-၂၀၃၀) အထူးသဖြင့် ပန်းတိုင် ၁၊ မဟာဗျူဟာ ၁.၂ ပါ နိုင်ငံ၏ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ အားလုံးတွင် တရားမျှတမှုရှိပြီး ပဋိပက္ခကို သတိချပ်သော လူမှုစီးပွားရေး တိုးတက်မှုကို အားပေးရန် ရည်မှန်းချက်နှင့်လည်း တစ်ထပ်တည်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်တွင် ရခိုင်ကဲ့သို့သော စီမံကိန်း ဒေသများတွင် UNDP ၏ ဝင်ရောက် ဆောင်ရွက်ချက်များတွင် အစိုးရ အရာရှိများ၊ NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (EAO) များ ၊ ရပ်ရွာအဖွဲ့အစည်းများနှင့် (CSOs) များ အထိ ကွဲပြားသော အဖွဲ့အစည်းများ/လုပ်ဆောင်သူများ၏ ဆက်ဆံရေးများကို နက်ရှိုင်းစွာ သိရှိနားလည်ရန် အတွက် အခါအားလျော်စွာ ပြန်လည်သုံးသပ်မှု တစ်ခုကို ပြုလုပ်ခဲ့ပါသည်။

ထို့ပြင် ရခိုင်ဒေသအခြေပြု အစီအစဉ် (RABP) အပါအဝင် စီမံချက် ၁၀ ခုကို ပဋိပက္ခ နားလည်သိရှိမှု လေ့လာခြင်းနှင့် စိစစ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အလျင်အမြန် အကဲဖြတ်ခြင်းက ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် နယ်ပယ်များကို ဖော်ထုတ်ပေးခဲ့ပြီး UNDP ၏ လက်ရှိဝန်ထမ်းနှင့် ဝန်ထမ်း အသစ်များကို အသိပေးသင်တန်းနှင့် အလုပ်ဝင် သင်တန်းများပေးပြီး အလေးထားလုပ်ဆောင် နိုင်ခဲ့ပါသည်။

UNDP ဝန်ထမ်းများ၊ လုပ်ငန်းအကောင်အထည်ဖော်မှု မိတ်ဖက်များ (IPs) နှင့် သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများကို ကျယ်ကျယ်ပြန့်ပြန့် စွမ်းရည်မြှင့်တင်ပေးရန် ကြိုးပမ်းမှုတစ်ခုကို ၂၀၁၈ ခုနှစ် နိဝင်ဘာလတွင် ပြုလုပ်ခဲ့ပါသည်။ ယင်းနှစ် ကုန်ဆုံးချိန် တွင် UNDP နှင့် IPs တို့မှဝန်ထမ်း ၁၅ ဦးအား ၄င်းတို့၏ ပဋိပက္ခ နားလည်သိရှိမှုနှင့် စွမ်းရည်လိုအပ်ချက်များ အဆင့်ကို တိုင်းတာနိုင်ရန်အတွက် လူတွေ့မေးမြန်းမှုပြုလုပ်ခဲ့ပြီး ရခိုင်အခြေစိုက်အဖွဲ့အတွက် ပဋိပက္ခ နားလည်သိရှိမှု ၁ ရက်တာ သင်တန်းကို စစ်တွေမြို့တွင် ပြုလုပ်ခဲ့ပါသည်။ ရခိုင်ပြည်နယ်မှ မြို့နယ်များရှိ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စီမံချက် ၄ ခုမှ ဝန်ထမ်းများကိုလည်း စုစည်းပြီး ပဋိပက္ခနားလည်သိရှိမှု ၂ ရက်တာ သင်တန်းကို သင်ကြားခဲ့ပါသည်။

ရောနှော ထိန်းချုပ်သော ဒေသများတွင် ဆောင်ရွက်သည့် UNDP ၏ စီမံချက်များသည် EAO များ ပါဝင်နိုင်ရေး အတွက် စီမံချက် တစ်ခုချင်းအလိုက် ၄င်းတို့၏ မဟာဗျူဟာများနှင့်အညီ ပုံစံထုတ်ထားပါသည်။ ဥပမာ မွန်ပြည်နယ်ရှိ ရောနှောထိန်းချုပ်သည့် မြို့နယ်များတွင် မြို့နယ်စီမံကိန်း ရေးဆွဲခြင်းနှင့် ဘတ်ဂျက် လုပ်ငန်းစဉ်များတွင် EAO များ ပါဝင်နိုင်ရေးအတွက် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အပံ့ ရန်ပုံငွေ စီမံချက်သည် ၄င်းတို့၏ မဟာဗျူဟာ များအရ ပုံစံထုတ်နိုင်ရန် အတွက် ဤမူဘောင်ကို အသုံးပြုပါသည်။ ထို့ပြင် UN-REDD အစီအစဉ် သည်လည်း မြန်မာနိုင်ငံအတွက် REDD+ ဆိုင်ရာ အမျိုးသား မဟာဗျူဟာ ရေးဆွဲရာတွင် ညှိနှိုင်း ဆွေးနွေးခြင်း လုပ်ငန်းစဉ်ကို အထောက်အကူပြုရာတွင် EAO များ၏ မဟာဗျူဟာနှင့် ကိုက်ညီအောင် သီးသန့်ပြုစုပါသည်။

ဓာတ်ပုံ - Stacey Winston

ဓာတ်ပုံအညွှန်းစာ
ရခိုင်ပြည်နယ် ကျေးရွာတစ်ခုတွင်
အသက်မွေးဝမ်းကျောင်းလုပ်ငန်း
ဆိုင်ရာ ဖိုရမ်၌ တက်ရောက်နေသော
အမျိုးသမီးများ၊ UNDP
သည် UN Women ၊
မိတ်ဖက်အဖွဲ့များနှင့်အတူ
အားလုံး အကျိုးဝင်သော ဖွံ့ဖြိုး
တိုးတက်မှုနှင့်အမျိုးသမီးများ၏
စွမ်းရည်မြှင့်တင်ရေးအတွက်
အသက်မွေးဝမ်းကျောင်း
လုပ်ငန်းများကို ပံ့ပိုးကူညီပေးခြင်း၊
ရပ်ရွာလူထု ခုခံနိုင်စွမ်းမြှင့်
တင်ပေးခြင်းနှင့် ငြိမ်းချမ်းရေး
တည်ဆောက်မှု အခွင့်အလမ်းများ
အားကောင်းစေရေး တို့အတွက် ပံ့ပိုး
ကူညီမှုများပေးလျက်ရှိပါသည်။

၂၀၁၈ ခုနှစ်ကို ပြန်လည်သုံးသပ်ပါက ပဋိပက္ခသတိချပ်မှု သဘောတရားသည် အထူးသဖြင့် ကွဲပြားသောမျိုးနွယ်စု အသိုင်းအဝိုင်းများတွင် ပါဝင်ပတ်သက်သူများ အကြား ကြားနေ ပုံစံဖြင့် လုပ်ကိုင်ရန် ဝင်ရောက်ရေးအတွက် အသုံးဝင်သော ဝင်ပေါက်တစ်ခုနှင့် အခွင့်အလမ်းတစ်ခု ဖြစ်ကြောင်း ပိုမိုရှင်းလင်းစွာ သိလာပါသည်။

၂၀၁၈ ခုနှစ်တွင် အခါအားလျော်စွာ အခြေအနေ ပြန်လည်သုံးသပ်မှု အတွက် များစွာရင်းနှီးမြှုပ်နှံခဲ့ခြင်းသည် လျင်မြန်စွာ ဖြစ်ပေါ် တိုးတက်နေသော မြန်မာနိုင်ငံ၏ အခြေအနေ အတွက် အသုံးဝင်ခဲ့ပြီး နယ်မြေအခြေခံ ပူးပေါင်းထားသည့် အစီအစဉ်များမှတစ်ဆင့် အထောက်အပံ့ပေးခြင်းသည် လုပ်ငန်းတစ်ခုစီ ခွဲခြား လုပ်ကိုင်ခြင်းထက် ပိုမို ထိရောက်မှုရှိကြောင်း သက်သေပြခဲ့ပါသည်။ ထို့ပြင် ပဋိပက္ခကို သတိချပ်သော လုပ်ဆောင်ချက်နှင့် လေ့လာမှုများတွင် ပြည်တွင်းမှ ပတ်သက်ဆက်နွယ်သူများ၏ ပါဝင်ဆောင်ရွက်မှုသည် လုပ်ငန်းစဉ်များနှင့် ရလဒ်များအား မိမိတို့ ကိုယ်တိုင်ပိုင်ဆိုင်မှု (ownership) ကို အားပေးရာ ရောက်ပါသည်။

ဓာတ်ပုံ - Sandra Barrows

အမျိုးသမီးများနှင့် လူငယ်များကို အဓိကထားလျက် SDGs ပန်းတိုင်များ အောင်မြင်ရရှိရေးအတွက် ဒစ်ဂျစ်တယ် နည်းပညာများ၏ အလားအလာကောင်းများကို ဖွင့်လှစ်ပေးနိုင်ရန် အထောက်အကူပြု ပူးတွဲလုပ်ငန်းစဉ်များကို ၂ နှစ်တာ မိတ်ဖက်ပူးပေါင်းဆောင်ရွက် ရေးအတွက် UNDP နှင့် Ooredoo တို့ကြား MoU လက်မှတ်ရေးထိုးပွဲ အခမ်းအနား

မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှု

UNDP သည် အမျိုးသားအဆင့် SDGs ပန်းတိုင်များ အောင်မြင်ရေးကို အထောက်အကူပြုရန်အတွက် ကျယ်ပြန့်သော ချဉ်းကပ်မှုများနှင့် မိတ်ဖက်ပြုခြင်းတို့ကို အသုံးပြုခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ထိခိုက်ခံစားရအလွယ်ဆုံးဖြစ်သော ရပ်ရွာ ပြည်သူများအတွက် အမှန်တကယ် အကျိုးရလဒ်များကို ဖြည့်ဆည်းပေးခြင်းနှင့် တစ်ချိန်တည်းတွင် အမျိုးသား ပိုင်ဆိုင်မှု (national ownership) ကို မြှင့်တင်ပြီး အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များ မြှင့်တင်ခြင်းများအတွက် မိတ်ဖက်ပေါင်းစပ် လုပ်ကိုင်မှုများကို တိုးချဲ့ခဲ့ပါသည်။

ကုလသမဂ္ဂ မိသားစုနှင့် အတူတကွ လုပ်ကိုင်ရာတွင် UNFPA, OHCHR, UNHCR, UN Women, FAO, and UNEP တို့နှင့် အတူ အားလုံးနှင့်ဆိုင်သော စိန်ခေါ်မှုများစွာတို့ကို ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။ ယင်းပူးပေါင်း ကြိုးပမ်းမှုများသည် ရာသီဥတုပြောင်းလဲမှု၊ နေရာရွှေ့ပြောင်းနေထိုင်ရမှု၊ အမျိုးသား အဆင့် စာရင်းအင်းနှင့် အချက်အလက်စနစ်များမူဘောင်၊ အမျိုးသမီးများ၏ စီးပွားရေးဖွံ့ဖြိုးမှုကို အားပေးခြင်း၊ ကျား-မ အခြေပြု အကြမ်းဖက်မှုများအား ကိုင်တွယ်ခြင်း၊ တရားစီရင်မှု လက်လှမ်းမီရေးကို ပိုမိုကောင်းမွန်စေခြင်းနှင့် မြေယာနှင့်ပစ္စည်း ပိုင်ဆိုင်မှု အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ခြင်းတို့အား ဦးတည်ဆောင်ရွက်ခဲ့ပါသည်။

စုစုပေါင်း I/NGOs ၂၂ ဖွဲ့နှင့် အစိုးရမိတ်ဖက်အဖွဲ့များနှင့် လက်တွဲဆောင်ရွက်ခြင်းဖြင့် UNDP သည် ယခင်ကထက် ပိုမိုအားကောင်းလာနေပါသည်။

မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ

- မြန်မာနိုင်ငံအတွက် ဆီလျော်မှုရှိပြီး၊ တန်ဖိုးရှိသော ဖွံ့ဖြိုးမှုမိတ်ဖက် ဖြစ်စေရန်၊
- MSDP အကောင်အထည်ဖော်ရန် အထောက်အကူပြုသည့် အစီအစဉ်များ ဆောင်ရွက်ရာတွင် မူဝါဒရေးရာ လွှမ်းမိုးမှုရှိရန်၊ စွမ်းရည်မြှင့်တင်ပေးရန်နှင့် တာဝန်ယူမှု/တာဝန်ခံမှုနှင့်ပွင်းလင်းမြင်သာမှု ရှိစေရန်တို့အတွက် မိတ်ဖက်များနှင့် အတူတကွ ပူးပေါင်း၍ အရည်အသွေးမြင့် နည်းပညာအကူအညီများ ပေးရန်၊
- ဆင်းရဲနွမ်းပါးမှု၊ မညီမျှမှု၊ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ရေရှည်တည်တံ့ပြီး အားလုံး အကျုံးဝင်မှုရှိသော ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုပြောင်းလဲခြင်း၊ ခံနိုင်ရည်စွမ်းတည်ဆောက်ခြင်းနှင့် ဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအတွက် ရွေးချယ်ရမည့်မိတ်ဖက်အဖွဲ့တစ်ခု ဖြစ်စေရန်၊
- မည်သူမျှနောက်ကျ မကျန်ခဲ့စေရေးနှင့် ပထဝီဝင်အနေအထားအရလည်းကောင်း၊ လူမှုစီးပွားရေးအရ လည်းကောင်း၊ ပဋိပက္ခအခြေအနေများ၌လည်းကောင်း အတတ်နိုင်ဆုံး ကျယ်ပြန့်စွာ ရောက်ရှိစေရန်အတွက်လည်းကောင်း မိတ်ဖက် ပူးပေါင်းဆောင်ရွက်ရန်၊

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ အရှက်သိကွာကျဆင်းမှုများကို တိုက်ဖျက်ရန် အက်ပလီကေးရှင်း တစ်ခု

ဓာတ်ပုံ - သန့်စင်လင်း

အမျိုးသမီးများနှင့် မိန်းခလေးငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် မြန်မာနိုင်ငံတွင် ထုတ်ဖော်ပြောကြားခြင်းမရှိသော ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ် အခြေအနေတစ်ခုဖြစ်သည်။ ယင်းသို့ အကြမ်းဖက်မှုကို ထုတ်ဖော်ပြောဆိုခြင်း မပြုအပ်ဟု လူမှုရေးအရ တားမြစ်ထားခြင်းသည် ထိခိုက်ခံစားရသူများအား အကူအညီ ရယူခြင်းမှ တားမြစ်ထား သကဲ့သို့ ဖြစ်သည်။ အိမ်ထောင်ရှင်များကြား လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှုသည် ဥပဒေ ဖာက်ဖျက်မှုမဟုတ်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အထူးသဖြင့် အိမ်တွင်း အထူးသဖြင့် အိမ်တွင်းမှ ဆွေမျိုးမိတ်ဆွေများ၏ အကြမ်းဖက်မှု အများစုမှာ အပြစ်ပေးခံရခြင်း မရှိပါ။

အသက် ၂၂ နှစ်အရွယ်ရှိ မခိုင်လွင်မြင့်သည် အကြံတစ်ခုရှိလာခဲ့သည်။ အပြစ်ပေးခြင်းမှ ကင်းလွတ်ခွင့်ပြုနေခြင်းကို ပျောက်ကွယ်အောင် စတင်လုပ်ဆောင်နိုင်လိမ့်မည်ဟု သူမ ထင်သည်။ သူမသည် DIVAS အဖွဲ့ကို ပူးတွဲတည်ထောင်သူတစ်ဦးဖြစ်သည်။ UNDP နှင့် အာရှဖူးမြန်မာ တို့၏ ပံ့ပိုးမှုဖြင့် Hackathon နည်းပညာပြိုင်ပွဲ၌ အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေး အစီအစဉ်တွင် မကြာသေးမီက ဆုရရှိခဲ့ပါသည်။ "ကျွန်မနဲ့ ကျွန်မအဖွဲ့က လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူတွေကို တတ်နိုင်သလောက် ကူညီချင်ပါတယ်" ဟု သူမက ဆိုပါသည်။

"တို့လုံမေ" သည်ဆန်းသစ်လုပ်ဆောင်မှုတစ်ခုဖြစ်သည့် မြန်မာဘာသာစကားအသုံးပြု မိုဘိုင်း အပလီကေးရှင်း တစ်ခုဖြစ်သည်။ မခိုင်လွင်မြင့်နှင့် သူမ၏ မိတ်ဆွေ ၂ ဦး တို့သည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများကို အကူအညီပေးရန်နှင့် အဆိုပါ အကြမ်းဖက်မှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို အများပြည်သူသို့ အသိပညာမြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ ယင်း အပလီကေးရှင်းက အမျိုးသမီးများအား မည်သို့သတင်း အချက်အလက် ရရှိနိုင်သည်ကိုလည်းကောင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် တရားဥပဒေအရ အရေးယူ ဆောင်ရွက်နိုင်ရန် မည်သို့ ပြောဆိုလုပ်ဆောင်ရမည် တို့နှင့် စပ်လျဉ်း၍ လည်းကောင်း ဖော်ပြပေးမည်ဖြစ်သည်။

"ဒါဟာ ကျွန်မအတွက် အရေးကြီးပါတယ်။ ဒီလို ကိစ္စမျိုးတွေဟာ ကျူးလွန်ခံရသူများအတွက် အရှက်ရ စရာလို့ ကျွန်မတို့ ပြည်သူတွေက ထင်ကြပါတယ်။" ဟု သူမက ဆိုပါသည်။ "လူတွေက သူတို့ရဲ့ ယုံကြည်မှုနဲ့ အကဲဖြတ်မှုတွေပေါ်မှာ အခြေခံပြီး ကျူးလွန်ခံရသူတွေကို ဝေဖန်ကြပါတယ်၊ ဒါဟာ ကျူးလွန်ခံရသူရဲ့ အမှားမဟုတ်ဘူးဆိုတာ သူတို့ကို သိအောင် လုပ်ရမယ်၊ သူတို့ လက်ခံအောင် လုပ်ရမယ်။"

DIVAS သည် အူရီဒူးမြန်မာထံမှ စတင်တည်ထောင်မှု ကုန်ကျစရိတ်အတွက် ငွေသားဆုငွေနှင့် နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အကူအညီများ ရရှိခဲ့ပါသည်၊ တစ်ချိန်တည်းတွင် Impact Hub နှင့် ပူးပေါင်း၍ UNDP က တည်ထောင်ကာစ အစီအစဉ်အတွက် တာဝန်ယူ ပံ့ပိုးပေးခဲ့ပြီး၊ အနိုင်ရရှိသော အဖွဲ့တစ်ဖွဲ့စီအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀ တန်ဖိုးရှိ ပစ္စည်းများ ပေးအပ်ခဲ့သည်။

"တစ်နှစ်အတွင်းမှာ ကျောင်းသူတွေအတွက် ရည်ရွယ်တဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ကျူးလွန်ခံရသူများ အတွက် ပံ့ပိုးပေးမှုများ စတင်လုပ်ဆောင်ရန် ကျွန်မတို့ စီစဉ်ခဲ့ပါတယ်။အနာဂတ်မှာတော့ မိန်းခလေးငယ်များနဲ့ အမျိုးသမီးများအတွက် ကြိုတင်ကာကွယ်တားဆီးရေး ဝန်ဆောင်မှုတွေ ထပ်မံ ပေးသွားဖို့ စီစဉ်ထားပါတယ်။" ဟု မခိုင်လွင်မြင့် က ပြောပါသည်။

UNDP သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်များ နှင့်အတူ လူသားချင်းစာနာထောက်ထားမှု၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များ ဆက်စပ်ထိတွေ့သည့် နေရာများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ဝင်ရောက် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ရှုထောင့်များမှ ကြည့်ရှုပြီး ရခိုင် နှင့် ကချင်ပြည်နယ်များတွင် နေရာရွှေ့ပြောင်း နေထိုင်ရသူများ၏ လူနေမှု အဆင့်အတန်း ပိုမိုကောင်းမွန်လာရေးကို ဆောင်ရွက်ခြင်း ဖြင့် နေရာရွှေ့ပြောင်း နေထိုင်ရမှု၊ လူမှု ပေါင်းစည်းမှုနှင့် ခံနိုင်ရည်စွမ်းရှိမှုကဲ့သို့သော ကိစ္စရပ်များကို ဖြေရှင်းရန် ကြိုးစားခဲ့ ပါသည်။ UNDP က ကမကထပြုလုပ်ပြီး လူသားချင်းစာနာမှု၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက်များအား အစိုးရ၏ အဓိက ဦးစားပေးလုပ်ငန်းများနှင့် ဖော်ထုတ်ချိတ်ဆက်ပေးပြီး ကမ္ဘာ့အဆင့်မီ နည်းပညာ ကျွမ်းကျင်မှုများနှင့် ခေါင်းဆောင်မှုစွမ်းရည်များကို မြန်မာနိုင်ငံသို့ ဆောင်ကြဉ်းပေးခဲ့ပါသည်။

နိုင်ငံ့ဝန်ထမ်းကဏ္ဍ ခိုင်မာအားကောင်းရေး အတွက် ပူးပေါင်းဆောင်ရွက်မှု

အားကောင်းပြီး လုပ်ငန်းကျွမ်းကျင်သော အရည်အချင်း အခြေပြု နိုင်ငံ့ဝန်ထမ်းကဏ္ဍ တည်ဆောက်ရေးသည် မြန်မာနိုင်ငံနှင့် UNDP တို့အတွက် အဓိက ဦးစားပေးမှုတစ်ရပ် ဖြစ်ပါသည်။ UNDP ၊ နယူးဇီလန် နိုင်ငံ့ဝန်ထမ်း ကော်မရှင်နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့အကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု အသစ် သည် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို အထောက်အကူပြုရန်အတွက် အစိုးရကဏ္ဍ၏ ဆောင်ရွက်ချက်ကို မြှင့်တင်ပေးခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ရိုးသားမှုနှင့် အားလုံး အကျုံးဝင်မှုရှိခြင်း တို့ကို အာရုံစူးစိုက် ဆောင်ရွက်နေပါသည်။

တရားဥပဒေ စိုးမိုးမှုကို မြှင့်တင်ခြင်း

တရားဥပဒေ စိုးမိုးမှုကို မြှင့်တင်ခြင်းနှင့် တရားစီရင်ရေးကို လက်လှမ်းမီရေး တို့သည် အဖွဲ့အစည်းဆိုင်ရာ ပံ့ပိုးမှုလိုအပ်ပါသည်။ မြန်မာနိုင်ငံ တရားလွှတ်တော်ချုပ်ရုံးသည် ဩစတြေးလျနိုင်ငံ ဖယ်ဒရယ်တရားရုံး၏ စီးပွားရေးသတင်း အချက်အလက်ယူနစ်နှင့် မိတ်ဖက်ပြုပြီး ကိန်းဂဏန်းများ သရုပ်ခွဲသုံးသပ်မှုနှင့် အစီရင်ခံခြင်း ဆိုင်ရာ သိရှိနားလည်မှု မြှင့်တင်ရေး အစီအစဉ်များတွင် ပါဝင်ခဲ့ပါသည်။

မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော် ကော်မတီများ ဖွဲ့စည်းထားပုံသည် အမျိုးမျိုးသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ အတွက် အခွင့်အလမ်းများကို ဖွင့်လှစ်ပေးပါသည်။ ဩစတြေးလျနိုင်ငံ အောက်လွှတ်တော်သည် အတွေ့အကြုံ ရင့်ကျက်သော လွှတ်တော်ကိုယ်စားလှယ်များ၏ အကူအညီကို ရယူပေးပြီး အထောက်အကူများကို အရှိန်မြှင့်ပေးခဲ့ပါသည်။ ထို့ပြင် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များ၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများအတွက် ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်ရေး အစီအစဉ်များကိုလည်း အထောက်အပံ့ ပေးပါသည်။

I/NGOS များနှင့် မိတ်ဖက် ဆောင်ရွက်ခြင်း

ထိခိုက်ခံစားရ အလွယ်ဆုံးသူများနှင့် ရပ်ရွာလူထုများထံ ရောက်ရှိနိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်းမှာ အမျိုးသား အဆင့် အဖွဲ့အစည်းများနှင့် မိတ်ဖက်ပူးပေါင်း လုပ်ကိုင်ခြင်း ဖြစ်ပါသည်။ UNDP သည် မိမိ၏ အစီအစဉ်များ အကောင်အထည် ဖော်ခြင်းကို အထောက်အကူပြုရန်အတွက် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်ခြင်းကို တိုးချဲ့ပြီး အစိုးရမဟုတ်သော အဖွဲ့အစည်း NGO များ၊ ဒေသန္တရ အစိုးရအဖွဲ့အစည်းများနှင့် အတူတကွ လုပ်ကိုင်ပြီး မိမိ၏လုပ်ငန်းများတွင် အားလုံးပါဝင်နိုင်ပြီး ရပ်ရွာလူထုက ထုတ်ဖော်ပြောသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးမှုကို သေချာစေပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အရပ်ဘက် အဖွဲ့အစည်းများ၏ ရေရှည်ရပ်တည်နိုင်မှုကို ရည်မှန်းပြီး နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီဖြင့် ပြည်တွင်း NGO များ၏ စွမ်းဆောင်ရည် မြှင့်တင်ရာတွင် ကူညီလျက် ရှိပါသည်။ UNDP သည် မိတ်ဖက် NGO ပေါင်း ၂၀ နှင့် စီမံကိန်း အကောင်အထည်ဖော်ရေး အစိုးရမိတ်ဖက် ဌာန ၆ ခုတို့ဖြင့် ယခင်ကာလများထက် ပိုမိုအားကောင်းစွာ ဆောင်ရွက်လျက် ရှိပါသည်။

'အကောင်အထည်ဖော်မှုဆိုင်ရာ မိတ်ဖက်များ/တာဝန်ရှိ အဖွဲ့အစည်းများ'

ooredoo

UNHCR
The UN Refugee Agency

United Nations
Peacebuilding

UN WOMEN

ဓာတ်ပုံ - Sandra Barrows

ပုဂ္ဂလိကကဏ္ဍနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ

UNDP သည် ပုဂ္ဂလိကကဏ္ဍနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ၂၀၁၈ တွင် အားစိုက်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ရှေ့ဆောင်နေသော တယ်လီကွန်း ဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်သည့် အူရီဒူး (Ooredoo) နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ပါသည်။ ယင်းလက်တွဲမှုသည် မြန်မာနိုင်ငံ UNDP မှ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို ဖော်ဆောင်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာ ဆန်းသစ်တည်ထွင်မှုများကို မြှင့်တင်ပေးနိုင်စေပါမည်။ အဆိုပါ အောင်မြင်သော ရှေ့ပြေးအစီအစဉ်အပေါ် ဆက်လက်တည်ဆောက်သွားရန်အတွက် အူရီဒူးနှင့် မိတ်ဖက်မှုကို ၂၀၁၉ ခုနှစ်တွင် တိုးချဲ့သွားရန် အစီအစဉ်ရှိပါသည်။ UNDP သည် လယ်ယာလုပ်ငန်း မိသားစုများ အတွက် အထောက်အပံ့ဝန်ဆောင်မှုပေးရန်နှင့် အပူပိုင်းဇုန်တွင် စိုက်ပျိုးရေးတန်ဖိုးကွင်းဆက်များကို အင်အားဖြည့်တင်းပေးရန် အစီအစဉ်တစ်ခုကိုလည်း ရည်မှန်းထားပါသည်။ ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အနေဖြင့် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှု အလားအလာကို တံခါးဖွင့်ပေးပြီး နိုင်ငံအတွင်း အားလုံးပါဝင်သော ဖွံ့ဖြိုးမှုအတွက် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် စီစဉ်လျက်ရှိပါသည်။

ဓာတ်ပုံအညွှန်းစာ
Ooredoo Myanmar နှင့် UNDP တို့က စီစဉ်သည့် ၂၀၁၈ ခုနှစ် အတွက် Hackathon ဆုပေးပွဲအခမ်းအနားဌာ ဆုရသည့် အဖွဲ့ ၃ ဖွဲ့ကို တွေ့ရစဉ်

TDLG စီမံကိန်းအရ တည်ဆောက်ပေးခဲ့သည့် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဧရာမောင်းတုံး ကျေးရွာရှိ ဝန်ထမ်းအိမ်ရာပါဝင်သော စံနှုန်းကိုက် ကျေးလက်ဆေးခန်း ဖွင့်ပွဲအခမ်းအနားတွင် တွေ့ရသော ကျန်းမာရေး ဝန်ထမ်းများ

နယ်မြေအခြေပြု အစီအစဉ်များ ရေးဆွဲခြင်း

ဖွံ့ဖြိုးရေး လုပ်ငန်းတွင် စိန်ခေါ်မှုများသည် မကြာခဏ ရှုပ်ထွေးနေလေ့ရှိပြီး မည်သည့်အခါမှ သီးခြား မရှိတတ်ပါ။ ထို့ကြောင့် UNDP သည် ပထဝီဒေသတစ်ခုတွင် အချင်းချင်း ချိတ်ဆက်နေသော ကိစ္စရပ်များအား ညှိနှိုင်း ဆောင်ရွက်သည့် နည်းလမ်းဖြင့် ဖြေရှင်းသော အစီအစဉ်ရေးဆွဲသည့် ချဉ်းကပ်မှုပုံစံကို ဖော်ထုတ်ခဲ့ပါသည်။

သီးခြား ပထဝီဒေသများတွင် သီးခြားစီမံချက်များကို ဆောင်ရွက်ခြင်း အစား လက်ရှိ ရှိနေသော CPD စံနမူနာ စီမံချက်များအား အစီအစဉ် တစ်ခုစီ ပါဝင်စေခြင်းဖြင့် UNDP ၏ မြန်မာနိုင်ငံ ဆိုင်ရာ အစီအစဉ်အား လုံး၏ အစိတ်အပိုင်းများအဖြစ် ဆင့်ပွား အကျိုးရလဒ်ကို ပြသနိုင်မည်ဖြစ်ပါသည်။ ယင်းပူးပေါင်းထားသော ချဉ်းကပ်ပုံသည် အတားအဆီးများကို ဖယ်ရှားပြီး အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အလျားလိုက် ချိတ်ဆက်မှု (horizontal linkages) ကို ခိုင်မာစေ သည့်အပြင် မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်း ဒေသကြီးနှင့် ပြည်ထောင်စုအဆင့် အုပ်ချုပ်မှု အဖွဲ့အစည်းများအကြား ဒေါင်လိုက်ချိတ်ဆက်မှုများ (vertical linkages) ကိုလည်း အားကောင်းစေပါသည်။

ယခုကဲ့သို့ ချိတ်ဆက်ထားခြင်းသည် ပထဝီဒေသတစ်ခုအတွင်း လုပ်ကိုင်လျက်ရှိသော မိတ်ဖက်များအား UNDP နှင့် မိမိ၏ မိတ်ဖက်များနှင့် ပိုမိုထိရောက်စွာ လက်တွဲ ဆောင်ရွက်ခွင့် ရရှိစေပါသည်။ UNDP သည် အစိုးရနှင့် ပုံကြည်မှု ရရှိထားပြီးသည့် ဆက်ဆံရေးကို အသုံးပြုပြီး အခြားသော မိတ်ဖက်များ၊ အထူးသဖြင့် I/NGOs နှင့် CSOs များကို ဝင်ရောက် လုပ်ကိုင်ခွင့်နှင့် လက်လှမ်းမီမှု တို့ကို ဆောင်ရွက်ပေးနိုင်ပါသည်။ လုပ်ငန်းစဉ်အတွင်းပါဝင်သော မိတ်ဖက်များကလည်း ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးရေး စိန်ခေါ်ချက်များ အတွက် စုပေါင်းနည်းလမ်းဖြင့် အရှိန်မြှင့်ပြီး အဖြေများ ဖော်ထုတ်နိုင်ကြပါသည်။ ယင်းအစီအစဉ်သည် လုပ်ငန်းစဉ်၏ ကွန်ရက်ချိတ်ဆက်မှုအကျိုးကို အသုံးချနိုင်သော ထိရောက်သည့် ယန္တရားတစ်ခုဖြစ်ပြီး တစ်ပြိုင်တည်း ဖြေရှင်းရန်လိုအပ်သော ရှုပ်ထွေးသည့် ဖွံ့ဖြိုးရေးပြဿနာများကို ဖြေရှင်းရန် ပူးပေါင်း ဖြေရှင်းမှုများအား ဖော်ထုတ်ရာတွင် ပါဝင်ပတ်သက်သူ အမျိုးမျိုး အကြား အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှု မျိုးစုံ ပြုလုပ်ကြရန် အားပေးပါသည်။

"ပထမနှစ်တွင် သိသာထင်ရှားသည့် ရလဒ်များကို ကျွန်တော်တို့ မြင်တွေ့ခဲ့ပြီး ဖြစ်သောကြောင့် UNDP အနေဖြင့် လက်ရှိ မြို့နယ် ၅ ခု တွင် TDLG စီမံကိန်း ချဉ်းကပ်မှုနည်းလမ်းများကို ဆက်လက် ဆောင်ရွက်သွား သင့်သည့် အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျန်ရှိသော ရခိုင်ပြည်နယ်မှ အခြားမြို့နယ် အားလုံးသို့ တိုးချဲ့သင့်ကြောင်း ရခိုင်ပြည်နယ် အစိုးရက ထောက်ခံထားပြီးဖြစ်ပါတယ်"

ဦးကျော်အေးသိန်း
(ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး)

ရခိုင်ပြည်နယ်ရှိ အမျိုးသမီး ဒေသန္တရ ဒီမိုကရေစီ လမ်းသစ်ဖောက်သူများ

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ အမှတ် (၃) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဒေါ်အေးရီ၊ အသက် ၅၄ နှစ်အား သူမ၏ ရုံးခန်းတွင် တွေ့ရစဉ် သူမသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖြစ် အရွေးခံခဲ့ရသည်။

ဒေါ်စောရီ နှင့် ဒေါ်အုန်းရွှေတို့တွင် တူညီသည့်အချက် များစွာရှိသည်။ သို့သော် မကြာသေးမီအချိန်အထိ ၎င်းတို့ နှစ်ဦး မတွေ့ဆုံရသေးပါ။ နှစ်ဦးစလုံးသည် အသက် ၅၀ ကျော်များဖြစ်ကြသည်။ ၎င်းတို့ ရပ်ရွာရှိ ပြည်သူများက ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ယင်း ထက်မြက်သည့် အမျိုးသမီး ၂ ဦးတို့အား ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး များအဖြစ် ရွေးကောက်လိုက် ပါသည်။ ယခုတစ်ကြိမ်သည် ဒေါ်အုန်းရွှေအတွက် သံတွဲမြို့နယ်အတွင်းရှိ မွတ်စလင်လူမှု အသိုင်းအဝိုင်း များ နေထိုင်ရာ ကျောင်းတိုက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံရခြင်းမှာ ဒုတိယ အကြိမ်မြောက်ဖြစ်သည်။ ယင်းမြို့နယ်တွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူး ၇၂ ဦး ရှိသည့်အနက် သူမသည် တစ်ဦးတည်းသော အမျိုးသမီး အုပ်ချုပ်ရေးမှူး ဖြစ်သည်။ ဒေါ်စောရီသည် ရမ်းဗြဲမြို့နယ်အတွင်းရှိ ရပ်/ ကျေး အုပ်ချုပ်ရေးမှူး ၅၃ ဦးအနက် တစ်ဦးတည်းသော အမျိုးသမီး အုပ်ချုပ်ရေးမှူးဖြစ်သည်။

နိုင်ငံအများစုတွင် အမျိုးသမီးများသည် နိုင်ငံရေး နယ်ပယ်၌ ကိုယ်စားပြုပါဝင်မှု နည်းပါးသည်။ သို့သော် မြန်မာနိုင်ငံတွင် အဆိုပါ အခြေအနေသည် အထူးပင် သိသာထင်ရှားသည်။ UNDP အနေဖြင့် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အမျိုးသမီး ဒေသန္တရ အုပ်ချုပ်ရေးမှူးများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက် ခဲ့သည်။ ဒေသန္တရအုပ်ချုပ်ရေး လုပ်ငန်းစဉ်တွင် ၎င်းတို့ ၏ ပါဝင်ဆောင်ရွက်မှုအတွက် ကြီးမားသည့် အတား အဆီးများကို ဖြေရှင်းကျော်လွှားရန် ကြိုးပမ်းအားထုတ် နေကြသူများ ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် UN Women နှင့်အတူ ပူးတွဲ ဆောင်ရွက်နေသည့် TDLG စီမံကိန်းသည် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသည့် များပြား လှသော ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် မညီမျှမှု များကို ဖြေရှင်းပေးရန် ရည်ရွယ်ပါသည်။ စိတ်ကြိုက် ရွေးချယ်အသုံးပြုနိုင်သည့် အထောက်အပံ့ငွေကြေးများ ပေးအပ်ခြင်းဖြင့် UNDP က တုံ့ပြန်ဖြည့်ဆည်းပေးမှု ရှိသော မြို့နယ်အုပ်ချုပ်ရေး အဖွဲ့တစ်ရပ် ဖြစ်ပေါ်ရန်

“ ပြည်သူပါဝင်သော မြို့နယ်စီမံကိန်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲများသည် ပြည်သူများအား မြို့နယ်ဌာနဆိုင်ရာများ၊ ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ နှင့်အတူ တွေ့ဆုံ၍ ရပ်ရွာများအတွင်း ပြည်သူ့ဝန်ဆောင်မှု လိုအပ်ချက်များကို ဆွေးနွေးဖော်ထုတ်ကြနိုင်စေရန် ဆောင်ရွက်ပေးပါတယ်၊ ကျွန်မတို့မြို့နယ်မှာ ဒီလို လုပ်ဆောင်ခြင်းအားဖြင့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာနှစ်အတွက် မြန်မာကျပ်ငွေ ၆၉၆,၁၀၂,၀၀၀ (အမေရိကန်ဒေါ်လာ ၄၅၀,၀၀၀ ခန့်) ရှိ ဒေသန္တရဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ခဲ့တဲ့ အကျိုးကျေးဇူး ရရှိခဲ့ပါတယ်။ ”

မြို့နယ်များအား အကူအညီပေးလျက် ရှိပါသည်။ ယင်းသို့ဖြစ်ပေါ်လာပါက ယင်းတို့၏ ပြည်သူများအား အားလုံး အကျုံးဝင်မှုရှိသော၊ တာဝန်ယူမှု/တာဝန်ခံမှုရှိသော၊ ပွင့်လင်းမြင်သာမှုရှိသော ပုံစံဖြင့် အခြေခံဝန်ဆောင်မှုများကို ထိရောက်စွာနှင့်စွမ်းရည် ပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်ကြမည် ဖြစ်သည်။

ဒေါ်အုန်းရွှေ - “ပြည်သူပါဝင်သော မြို့နယ်စီမံကိန်းရေးဆွဲရေး အလုပ်ရုံ ဆွေးနွေးပွဲများသည် ပြည်သူများအား မြို့နယ်ဌာနဆိုင်ရာများ၊ ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် လွှတ်တော် ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ရပ်ရွာများအတွင်း ပြည်သူ့ဝန်ဆောင်မှု လိုအပ်ချက် များကို ဆွေးနွေးဖော်ထုတ်နိုင်ကြဖို့ ဆောင်ရွက်ပေးပါတယ်၊ ကျွန်မတို့ မြို့နယ်မှာ ဒီလို လုပ်ဆောင်ခြင်းအားဖြင့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာနှစ်အတွက် မြန်မာကျပ်ငွေ ၆၉၆,၁၀၂,၀၀၀ (အမေရိကန်ဒေါ်လာ ၄၅၀,၀၀၀ ခန့်) ရှိ ဒေသန္တရဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ခဲ့တဲ့ အကျိုးကျေးဇူး ရရှိခဲ့ပါတယ်။”

ဒေါ်စောရီ၏ အတွေ့အကြုံသည်လည်း အလားတူ ဖြစ်သည်။ “မြို့နယ်အဆင့် အရာရှိတွေနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးရမှုဟာ အလွန် အကျိုးရှိတဲ့ အတွေ့အကြုံ ဖြစ်ပါတယ်” ဟု သူမက ထုတ်ဖော်ပြောဆိုပါသည်။ အဆိုပါ ပွင့်လင်းမှုရှိသည့် လုပ်ငန်းစဉ်အပြီးတွင် ပါဝင်တက်ရောက်သူများက ပြောဆို ဆွေးနွေးမှုကို နားထောင်ကြပြီး၊ တံတား တစ်စင်း၊ လမ်းနှစ်ခု တည်ဆောက်ရန်နှင့် ရေတွင်းတစ်ခု တူးဖော်ရန် တို့အတွက် အထောက်အပံ့ရန်ပုံငွေကို အသုံးပြုရန် သဘောတူခဲ့ကြသည်။ ဒေါ်စောရီ၏ ကျေးရွာသည် ကျန်းမာရေး ဆေးပေးခန်းများနှင့် ကျောင်းများ စသည့် အဓိက ပြည်သူ့ဝန်ဆောင်မှုများနှင့် ပိုမို ကောင်းမွန်စွာ ချိတ်ဆက်မှု ရှိလာမည်ဖြစ်ပြီး၊ သောက်သုံးရေ ရရှိမှုလည်း တိုးတက်လာမည်ဖြစ်သည်။

ဒေါ်စောရီနှင့် ဒေါ်အုန်းရွှေတို့သည် ရှေ့ဆက်လုပ်ရမည့် အလုပ်မှာ အခက်အခဲမကင်းကြောင်း သိရှိကြပါသည်။ သို့သော် ၎င်းတို့၏ ရပ်ရွာပြည်သူများ အနေဖြင့် လက်ရှိ အချိန်မှ လွန်ခဲ့သော နှစ်အနည်းငယ်ကို ပြန်လည်ကြည့်ရှု လိုက်ပါက အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ ရပ်ရွာပြည်သူများ၏ အသံကို ကိုယ်စားပြုပေးခြင်း၊ ရခိုင်ပြည်နယ်အတွင်း ကျား-မတန်းတူ ညီမျှမှုနှင့် ဒေသန္တရဒီမိုကရေစီစနစ် ဖြစ်ပေါ်တိုးတက်ရေးတို့အတွက် ရှေ့ဆောင်လမ်းပြ ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူ ပူးပေါင်းပါဝင်မှုနှင့် အားလုံးအကျုံးဝင်မှုရှိခြင်းတို့ကို ရှေ့ဆောင်လမ်းပြ လုပ်ဆောင်ပေးခဲ့ကြသည်ကို ပြန်လည်အမှတ်ရစေလိုကြပါသည်။

UNDP သည် ရွေးချယ်ထားသည့် နေရာများတွင် ယင်း ဒေသန္တရ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီ လုပ်ငန်းစဉ်များ အမျိုးသမီးများ၏ စီးပွားရေး စွမ်းရည်မြှင့်တင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းမှုနှင့် လူမှုပေါင်းစည်းမှုတို့ အပါအဝင် ကဏ္ဍ အများအပြားတွင်ရှိနေသော ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး ကိစ္စရပ်များကို တစ်ပြိုင်တည်း ဖြေရှင်းရန်အတွက် နယ်မြေအခြေပြု အစီအစဉ် ပုံစံဖြင့် ချဉ်းကပ်နည်းကို အသုံးပြုပါသည်။ လုပ်ငန်း ကိစ္စရပ်များကို ပူးပေါင်းသည့် နည်းလမ်းဖြင့် ကိုင်တွယ်ခြင်း၊ အခြားသော လူသားချင်းစာနာမှုနှင့် ငြိမ်းချမ်းရေး ဆောင်ရွက်သူ များနှင့် အတူတကွ ပူးပေါင်းဖြေရှင်းခြင်းဖြင့် ပေါင်းစည်း ဆောင်ရွက်မှု၏ အကျိုးရလဒ်များ ပေါ်ထွက်လာပြီး ပိုမို ကျယ်ပြန့်သော ထိရောက်မှုနှင့် ရေရှည်တည်တံ့မှုကို ရရှိစေပါသည်။

ရခိုင်ပြည်နယ် နယ်မြေဒေသ အခြေပြု အစီအစဉ်များ (RABP)

၂၀၁၈ ခုနှစ်တွင် UNDP မြန်မာနိုင်ငံရုံးသည် ၂၀၃၀ အစီအစဉ် (2030 Agenda) အကောင်အထည်ဖော်မှုကို အထောက်အကူပြုရန်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ ရှုပ်ထွေးပြီး တစ်ခုနှင့်တစ်ခုထပ်နေသော ဖွံ့ဖြိုးမှု အကူအညီများ၏ စိန်ခေါ်မှုများကို ပဋိပက္ခဖြစ်နိုင်ခြေကို နားလည်သိရှိပြီး နယ်မြေအခြေပြု ပုံစံဖြင့် ချဉ်းကပ်ပြီး ပြောင်းလွယ်ပြင်လွယ်ဖြစ်သည့် နည်းလမ်းဖြင့် ဖြေရှင်းပေးရန် အတွက် ပံ့ပိုးကူညီမှုလုပ်ငန်းအစီအစဉ်တစ်ခုကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

အခြေခံ အဆောက်အအုံ ပြန်လည်တည်ဆောက်ရန် ရပ်ရွာလူထုကို ပံ့ပိုးပေးခြင်း

UNDP ၏ ပံ့ပိုးကူညီမှုဖြင့် ရခိုင်ပြည်နယ်အခြေပြု ဒေသခံ အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် People for People အဖွဲ့သည် ကျေးရွာအုပ်စုအဆင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပြန်လည်ထူထောင်ရေး ဖိုရမ် (LRFs) ၈ ခုကို မြောက်ဦးနှင့် ပုလ္လားကျွန်း မြို့နယ်များတွင် စီစဉ်ကျင်းပခဲ့သည်။ အဆိုပါ ဖိုရမ်များသို့ တိုင်းရင်းသားလူမျိုးစု အမျိုးမျိုးများ၏ ခေါင်းဆောင်များ တက်ရောက်ကြပြီး၊ ပြန်လည်ထူထောင်ရန်လိုအပ်သည့် ဒေသန္တရ အခြေခံအဆောက်အအုံများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ အဆိုပါ လုပ်ငန်းစဉ်တွင် အစည်းအဝေးများစွာ ကျင်းပခဲ့ပြီး၊ လူမှုအသိုင်းအဝိုင်းများအားလုံး ပါဝင်တက်ရောက်ခဲ့ကြသည်။ အမျိုးသမီး အုပ်စုခွဲများ ဖွဲ့စည်းခဲ့ပြီး၊ ကျေးရွာအားလုံးတို့မှ cash for work အလုပ်သမားများ ရွေးချယ်ခဲ့ကြသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး များ၏ ပံ့ပိုးကူညီမှုဖြင့် အဆိုပါဖိုရမ်များတွင် အခြေခံအဆောက်အအုံ ပြန်လည်ထူထောင်ရေး စီမံကိန်း ၂၇ ခု ကို ဖော်ထုတ် အကောင်အထည်ဖော်ခဲ့သည်။ အဆိုပါ စီမံကိန်းများတွင် လူမှုအသိုင်းအဝိုင်းများအားလုံးတို့မှ အလုပ်သမား ၁၅၀၀ ကျော် အသုံးပြု ခဲ့ပြီး၊ ယင်းတို့ထဲမှ ၄၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြသည်။

ဓာတ်ပုံ - Rachel Govoni

ဓာတ်ပုံအညွှန်းစာ
ရခိုင်ပြည်နယ် ပူးပေါင်း
အကဲဖြတ်ခြင်းအတွက်
ကွင်းဆင်းဆောင်ရွက်သူ
တစ်ဦးသည် ဒေသခံတစ်ဦးထံမှ
အချက်အလက်များ
ကောက်ယူနေစဉ်

ယင်း RABP လုပ်ငန်းအစီအစဉ်သည် ပူးတွဲအစီအစဉ်ရေးဆွဲခြင်းနှင့် အစီအစဉ်ကို အကောင်အထည်ဖော်ခြင်း၊ ငွေအထောက်အပံ့ပေးခြင်း၊ ကြီးကြပ်စောင့်ကြည့်ခြင်း၊ ဆုံးရှုံးနိုင်ခြေမံခန့်ခွဲခြင်းနှင့် အစီရင်ခံခြင်းတို့ကို အထောက်အကူပြုပါသည်။ ဤအစီအစဉ်ကို UNHCR ၊ UN Women နှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရုံးတို့နှင့်အတူ ဂျပန်နှင့် ကနေဒါနိုင်ငံတို့က ထောက်ပံ့ပါသည်။ ရေရှည်ရပ်တည်နိုင်မှုနှင့် တာဝန်ယူ ဆောင်ရွက်မှု တို့အတွက် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ် အဆင့်များတွင် နိုင်ငံ၏ လုပ်ငန်းအဖြစ် ခံယူဆောင်ရွက်မှုကို သေချာမှုရှိစေရေး ဆောင်ရွက်ပေးပါသည်။

ဤလုပ်ငန်းအစီအစဉ်အား အဓိက အခက်အခဲများဖြစ်သော ဆင်းရဲနွမ်းပါးမှု၊ ဘေးအန္တရာယ်ရှိမှု၊ ကြဉ်ဖယ်ထားခံရမှု၊ ရပ်ရွာလူမှု အသိုင်းအဝိုင်းများအတွင်း ပဋိပက္ခဖြစ်မှု၊ နိုင်ငံတော်နှင့်ပြည်သူများ အကြား လူမှုပဋိညာဉ် အားနည်းခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းပေးပြီး ဒေသခံလူမှုအသိုင်းအဝိုင်းများနှင့် အဖွဲ့အစည်းများ၏ခံနိုင်ရည် ရှိမှုတို့ကို ဖြည့်ဆည်းပေးရန်အတွက် ပေါင်းစပ် ဖြေရှင်းမှုများနှင့် ပူးပေါင်း၍ လူသားချင်းစာနာမှု တုံ့ပြန်ချက်များကို ဆောင်ရွက်ရန် ပုံစံထုတ်ထားပါသည်။ ထို့ပြင် အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးနှင့် ကျား-မ အခွင့်အရေး ညီမျှမှုတို့အား ရပ်ရွာ၏ ခံနိုင်စွမ်းရှိရေးနှင့် ငြိမ်းချမ်းပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုတို့၏ အဓိက လုပ်ငန်းများအဖြစ် ဆောင်ရွက်ပေးပါသည်။

UNDP သည် လုပ်ငန်းအစီအစဉ်ပုံစံကို အဆင့်မြှင့်တင်ပြီး အခြား ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အလားတူ ဆက်လက် ဆောင်ရွက်သွားရန် မျှော်လင့်ထားပါသည်။

SDG ရည်မှန်းချက် ၁၆ ကို ဦးစားပေးဆောင်ရွက်သည့် လူငယ်များအတွက်
အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသူ လူငယ် အမျိုးသမီးငယ်တစ်ဦးကို တွေ့ရစဉ်

ဓာတ်ပုံ - Sandra Barrows

၂၀၁၉ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းများ

အသွင်ကူးပြောင်းမှုကာလတွင်ရှိနေသော နိုင်ငံတစ်ခုတွင် လုပ်ကိုင်ဆောင်ရွက်ရခြင်းသည် စိန်ခေါ်မှုများစွာ ရှိပါသည်။ သို့သော် ထိရောက်မှုရှိသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် ယုံကြည်မှုတို့ဖြင့် UNDP သည် တိုးတက်မှုများ ဆက်လက်ရရှိအောင် ဆောင်ရွက်နေပါသည်။ ၂၀၁၈ ခုနှစ်အတွင်း UNDP ၏ အစီအစဉ် အများစုကို မျှော်မှန်းထားသည့်အတိုင်း အကောင်အထည်ဖော်ခဲ့ပြီး၊ ရည်မှန်းချက်များစွာတို့ကိုလည်း ရရှိခဲ့ပါသည်။ တစ်ခါတစ်ရံတွင် လုပ်ငန်းများ ဆောင်ရွက်ရာတွင် မျှော်မှန်းသည်ထားနှင့် ကွဲပြားသည့် အခြေအနေများလည်း ပေါ်ထွက်လာခဲ့ပါသည်။ UNDP အနေဖြင့် အဆိုပါ အတွေ့အကြုံများမှ လေ့လာသင်ယူရန် ရည်မှန်းထား၍၊ လေ့လာရရှိသော သင်ခန်းစာများနှင့် အောင်မြင်သော စီမံကိန်းများမှ အကောင်းဆုံး လုပ်နည်းလုပ်ဟန်များကို ၂၀၁၉ ခုနှစ်သို့ ယူဆောင်သွားမည် ဖြစ်ပြီး၊ မြန်မာပြည်သူများ၏ ဘဝများ အပေါ်တွင် UNDP ၏ လုပ်ငန်းများက ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ပိုမိုရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

အလေးထားခြင်း၊ တုံ့ပြန်မှုရှိခြင်း၊ အသိပေးခြင်းတို့ဖြင့် ၂၀၁၈ ခုနှစ်အတွင်း UNDP မှ လုပ်ငန်းအချို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

- UNDP မှ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းနယ်ပယ် အမျိုးမျိုးတို့ကြားတွင် ချိတ်ဆက်မှုများ တိုးတက်ကောင်းမွန်လာစေရန်နှင့် ပေါင်းစပ်ဆောင်ရွက်မှု၏ အကျိုးရလဒ်များ တိုးတက်လာစေရန် **ပေါင်းစပ်အစီအစဉ်ရေးဆွဲချမှတ်ခြင်း** ကို ပိုမို အလေးပေး လုပ်ဆောင်ခြင်း၊

- UNDP အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အစီအစဉ်များ ပိုမိုရေးဆွဲ ဆောင်ရွက်ပေးနိုင်စေရန်နှင့် ပိုမို ညှိနှိုင်းဆောင်ရွက်နိုင်စေရန် **အောက်ခြေလုပ်ငန်းခွင်အတွင်း ထိတွေ့ဆောင်ရွက်မှု** ကို အလေးထားဆောင်ရွက်ခြင်း။ နယ်မြေခံရုံးများ ပိုမိုအားကောင်းအောင် လုပ်ဆောင်ခြင်းနှင့် ဝန်ထမ်းများ၏စွမ်းရည် မြှင့်တင်ပေးခြင်းတို့ဖြင့် UNDP သည် ဒေသဆိုင်ရာနှင့် ဒေသန္တရ အာဏာပိုင်အဖွဲ့အစည်းများ နှင့်အတူ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပိုမို ထိရောက်မှုရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

- လူသားချင်းစာနာထောက်ထားမှု၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုနှင့် အထောက်အကူပြု လုပ်ငန်းစဉ်များ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် UNDP နှင့် UN နိုင်ငံဆိုင်ရာအဖွဲ့တို့သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးကို အဓိကထားသည့် ကဏ္ဍများစုံပါဝင်သည့် ဖြေရှင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရေးအတွက် အစိုးရ အား ပံ့ပိုးကူညီမှု ပေးနိုင်ခဲ့ပါသည်။

- UNDP လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းနယ်ပယ်များ အတွင်း ပဋိပက္ခဖြစ်ပွားမှုနှင့်အခြေအနေတို့ကို ပိုမိုသိရှိ နား လည်လာခြင်းအားဖြင့်လည်းကောင်း၊ မိမိ၏ အစီအစဉ်များနှင့် ပြုမူဆောင်ရွက်မှုများသည် ပဋိပက္ခ အခြေအနေကို မည်သို့ သက်ရောက်မှုရှိပြီး ပြောင်းလဲမှုဖြစ်ပေါ်စေသည်ဆိုသည့် အချက်ကို ပိုမိုသိရှိနားလည်လာခြင်းဖြင့် လည်းကောင်း၊ မလိုလားအပ်သော အကျိုးဆက်များကို ရှောင်ရှားနိုင်ခဲ့ပြီး၊ လူမှုသဟဇာတဖြစ်မှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် UNDP ၏ အထောက်ကူပြုမှုကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

UNDP သည် ၂၀၁၈ ခုနှစ်အတွင်း ပြောင်းလဲမှုဖြစ်စဉ်ကို ဖြတ်သန်းခဲ့ပါသည်။
ဝန်ထမ်းသစ် ၁၁၇ ဦး ခန့်ထားအသုံးပြုခဲ့ပြီး၊ စံနမူနာပြ စီမံကိန်းသစ် ၅ ခု စတင်ဆောင်ရွက်ခဲ့သည်။

၂၀၁၉ ခုနှစ်တွင် UNDP ဌာနေရုံးသည် လက်ရှိဆောင်ရွက်နေသော သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စီမံကိန်း ၆ ခု နှင့် ၂၀၁၈ ခုနှစ်၌ ဖြန့်ကျက်ဆောင်ရွက်ခဲ့သည့် စံနမူနာပြ စီမံကိန်း ၅ ခု တို့ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။ တချိန်တည်းတွင် ရခိုင်ပြည်နယ်အတွင်း၌ ဆောင်ရွက်နေသော အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ခုခံနိုင်စွမ်းရှိပြီး အားလုံး အကျုံးဝင်သော လူမှုအသိုင်းအဝိုင်းများ မြှင့်တင်ပေးခြင်း၊ မြန်မာနိုင်ငံ ကျေးလက်ဒေသ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စီမံကိန်းနှင့် အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်း စသည့် လက်ရှိနှင့် စီမံကိန်းအသစ် ၃ ခုတို့ကိုလည်း ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်သည်။ UNDP သည် အောက်ပါ လုပ်ငန်းနယ်ပယ် ၅ ခုကို အလေးထားဆောင်ရွက်သွားမည် ဖြစ်သည် -

(၁) ပြည်သူတို့၏လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးသည့် အထောက်အထားအခြေပြု မူဝါဒများနှင့်စနစ်များ ချမှတ် အကောင်အထည်ဖော်နိုင်စေသည့် ထိရောက်မှုရှိသော အစိုးရအဖွဲ့အစည်းများ ဖြစ်ပေါ်ခြင်း - SDG ပန်းတိုင်များ ပေါင်းစပ် ဆောင်ရွက်မှုကို အားပေးခြင်းနှင့် အထောက်အထားအခြေပြု ပြည်သူပူးပေါင်းပါဝင်သော စီမံကိန်းရေးဆွဲခြင်း၊ မူဝါဒချမှတ်သည့် လုပ်ငန်းစဉ်တွင် အစိုးရပိုင်းမူဝါဒချမှတ်သူများနှင့် ပတ်သက်ဆက်နွယ်သူများ၏ စွမ်းရည်များ မြှင့်တင်ပေးခြင်း၊ မြန်မာနိုင်ငံ၏ SDG အစီရင်ခံစာ ရေးသားထုတ်ဝေခြင်း၊ စာရင်းအင်းအချက်အလက်ဆိုင်ရာ သင်တန်းကျောင်းကို ပိုမိုအားကောင်းစေခြင်း၊ လွှတ်တော် မဟာဗျူဟာစီမံကိန်း ပြန်လည်ပြင်ဆင်ခြင်း၊ M&E အခြေခံ မူဘောင်ချမှတ်ခြင်းနှင့် လွှတ်တော်လုပ်ငန်းများတွင် အားလုံး ပါဝင်မှုရှိသော စီမံခန့်ခွဲမှု လုပ်ငန်းယန္တရားများ ဖြစ်ပေါ်စေရေး အတွက် ပံ့ပိုးကူညီမှုပေးခြင်း တို့ပါဝင်သည်။

(၂) နိုင်ငံတော်၏ တရားဝင်ဖြစ်တည်မှု (legitimacy) ခိုင်မာ အားကောင်းစေရေးနှင့် တရားမျှတမှုနှင့် လူအခွင့်အရေးများ လက်လှမ်းမီမှု မြှင့်တင်ပေးရေးတို့အတွက် တာဝန်ယူမှု/ တာဝန်ခံမှု၊ ဖြောင့်မတ်တည်ကြည်မှုနှင့် စောင့်ကြည့် ထိန်းကျောင်းမှုတို့ တိုးတက်ကောင်းမွန်လာစေခြင်း - ACC ၏ လိုက်နာရမည့် ကျင့်ဝတ်အကောင်အထည်ဖော်ရေး အစီအစဉ်နှင့် ကျယ်ပြန့်သော စွမ်းရည်အကဲဖြတ်မှု လုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ အန္တရာယ်အကဲဖြတ်မှုများ စတင်မိတ်ဆက် ဆောင်ရွက်ခြင်းနှင့် အစိုးရဌာနဆိုင်ရာများတွင် CPU များ ဖွဲ့စည်းတည်ထောင်ခြင်း၊ မျှတမှုရှိသော စီးပွားရေး ပတ်ဝန်းကျင်တစ်ခု မြှင့်တင်ပေးခြင်း၊ တရားဥပဒေစိုးမိုးမှုဆိုင်ရာ သိမြင်နားလည်မှု မြှင့်တင်ပေးခြင်း၊ ထိုက်သင့်သော လုပ်ငန်းစဉ်များ၊ မျှတမှုရှိသော တရား စီရင်မှုများ၊ အိမ်ရာမြေယာနှင့် ပစ္စည်းဥစ္စာဆိုင်ရာ လူအခွင့်အရေးများအပြင် စီးပွားရေးနှင့် လူအခွင့်အရေးများ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ မဟာဗျူဟာ စီမံကိန်းကို အကဲဖြတ်သုံးသပ်ခြင်း MNHRC ၏ မဟာဗျူဟာ စီမံကိန်း ရေးဆွဲမှုကို ပံ့ပိုးကူညီပေးခြင်း၊ ပဋိပက္ခသတိချပ်မှုဆိုင်ရာ သင်တန်း ပို့ချပေးခြင်းတို့ ပါဝင်သည်။

ဓာတ်ပုံ - Sandra Barrows

ဓာတ်ပုံအညွှန်းစာ ရန်ကုန်မြို့တွင် ကျင်းပသော UNDP နှင့် Ooredoo Myanmar တို့၏ MoU လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် တွေ့ရသော Panel အဖွဲ့ဝင်များ

(၄) အားလုံးအကျုံးဝင်သော၊ ခုခံနိုင်စွမ်းရှိသော၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဖြစ် သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုနှင့် DRR တို့ကို ခိုင်မာအားကောင်းစေခြင်း - မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာ မူဝါဒအသစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် MSDP တွင် ပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ ကိစ္စရပ်များကို ပေါင်းစပ်ထည့်သွင်း ဆောင်ရွက်ရန် ကတိကဝတ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အသုံးချမှုရှိစေရန် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီမှုပေးခြင်း၊ ကာကွယ်စောင့်ရှောက်မှုပေးထားသည့် နယ်မြေစီမံခန့်ခွဲမှုနှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ ပိုမိုဆောင်ရွက်နိုင်စေရန် အမျိုးသား မူဝါဒများ ခိုင်မာအားကောင်းစေခြင်း၊ REDD+ အကောင်အထည်ဖော်မှုအတွက် ဥပဒေပိုင်းဆိုင်ရာနှင့် မူဝါဒပိုင်းဆိုင်ရာ အခြေခံမူဘောင် ချမှတ်ခြင်း၊ UN-REDD တွင် ပတ်သက်ဆက်နွယ်သူများ ကိုယ်စားပြု ပါဝင်ခြင်းကို မြှင့်တင်ပေးခြင်း၊ အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ပေးခြင်း၊ မြန်မာနိုင်ငံ၏ အပူပိုင်း ခြောက်သွေ့ဒေသတွင် ရာသီဥတုဒဏ် ခံနိုင်စွမ်းရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်နည်းလုပ်ဟန်များ မြှင့်တင်ပေးခြင်းနှင့် micro-watersheds များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ ပြည်ထောင်စုအဆင့်/ ဒေသန္တရအဆင့် မြေလျင် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှု အစီအစဉ်၊ မြန်မာနိုင်ငံ မြေလျင်ဒဏ်ခံနိုင်စွမ်း မဟာဗျူဟာနှင့် အမျိုးသားဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို ရေးဆွဲပြုစုခြင်းနှင့် မြေလျင်ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် သင်တန်းများပေးခြင်းတို့ ပါဝင်ပါသည်။ GEF မှ နောက်ဆုံးအတည်ပြုချက်ကို ရယူနေဆဲဖြစ်သည့် မြန်မာ့ကျေးလက်ဒေသ ပြန်လည်ပြည့်ဖြိုးမြဝစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး (RURED) စီမံကိန်းသည် နိုင်ငံ အတွင်းရှိ ကျေးလက်စွမ်းအင် အခြေခံအဆောက်အအုံ တိုးတက်ကောင်းမွန်စေရေးကို အထောက်အကူပြုခြင်းဖြင့် စိန်ခေါ်မှု ၂ မျိုး ကို တစ်ပြိုင်တည်း ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ပထမစိန်ခေါ်မှုမှာ မြန်မာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု နည်းပါးခြင်းကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ဒုတိယတစ်ခုမှာ တိုင်းပြည်၏ စွမ်းအင် အသုံးပြုမှုတွင် ဓာတ်ငွေ့ထုတ်လွှတ်မှုများသည် ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာအပေါ် အလွန်အမင်း မှီခိုနေမှုကို ဖြေရှင်းပေးခြင်း ဖြစ်သည်။

(၅) မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများနှင့် လူငယ်များ၏ စီးပွားရေး စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်း - အားကောင်းသော အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) က ဦးဆောင်သည့် အားလုံး အကျုံးဝင်မှုရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာနိုင်ငံတွင် ဖွဲ့စည်းလုပ်ဆောင်ပုံ အသွင်ကူးပြောင်းခြင်း၊ အလုပ်အကိုင်ဖန်းတီးခြင်းနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးတို့အတွက် အဓိက မောင်းနှင်အားဖြစ်သည်။ ထို့ကြောင့် အဓိက ကျ၍ ဆီလျော်မှုရှိသော ပတ်သက်ဆက်နွယ်သူများ၊ ပုဂ္ဂလိက ကဏ္ဍမှ အဖွဲ့အစည်းများ စသည်တို့နှင့် မဟာဗျူဟာကျကျ ပူးပေါင်းကာ ရွေးချယ်ထားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် MSMEs များ၏ စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် အပူပိုင်း ခြောက်သွေ့ဒေသရှိ စိုက်ပျိုးရေးအခြေပြု MSMEs များအတွက် ဈေးကွက်ချိတ်ဆက်မှုများ အထောက်အကူပြု ဆောင်ရွက်ပေးခြင်းတို့ လုပ်ဆောင်သွားရန် ရည်မှန်းထားပါသည်။

ရန်ပုံငွေထောက်ပံ့သည့် ရင်းမြစ်များ



အလှူရှင်	အမေရိကန်ဒေါ်လာသန်းပေါင်း		
ဂျပန်	၇.၂	ဆွီဒင်	၂.၆
UNDP အရင်းအမြစ်များ	၆.၁	သြစတြေလျ	၁.၉
ဆွစ်ဇာလန်	၅.၀	ပူးတွဲငြိမ်းချမ်းရေးရန်ပုံငွေ	၁.၈
အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်အဖွဲ့	၅.၀	အခြား	၁.၅
ငြိမ်းချမ်းရေးတည်ဆောက်မှုရန်ပုံငွေ	၄.၅	နော်ဝေ	၁.၀
ယူနိုက်တက်ကင်းဒမ်း	၃.၇		

From
the People of Japan


Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development
and Cooperation SDC

gef
GLOBAL ENVIRONMENT FACILITY
INVESTING IN OUR PLANET

United Nations
Peacebuilding

UKaid
from the British people

Sweden
Sverige

Australian
Aid

JOINT PEACE FUND

Norwegian Ministry
of Foreign Affairs

European Union
Civil Protection and
Humanitarian Aid

Kingdom of the Netherlands

Ministry of Foreign Affairs
Republic of Korea

LUXEMBOURG
AID & DEVELOPMENT

german
humanitarian
assistance
DEUTSCHE HUMANITÄRE HILFE

ITALIAN AGENCY
FOR DEVELOPMENT
COOPERATION

Ministry for Foreign
Affairs of Finland

ထုတ်ဝေမှုများ

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင်များအတွက် မြန်မာနိုင်ငံ၏ အစမှတ်ကို တိုင်းတာခြင်း - SDG အခြေခံညွှန်ကိန်း အစီရင်ခံစာ

မြန်မာနိုင်ငံ နေထိုင်မှုအခြေအနေများ စစ်တမ်း ၊ ၂၀၁၇ ခုနှစ် အဓိက ညွှန်ကိန်းများ အစီရင်ခံစာ

မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများ လက်စွဲစာအုပ်



ပြည်တွင်းနေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်သူများအတွက် အိမ်ရာ၊ မြေယာနှင့် ပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များ နှစ်သိမ့်ဆွေးနွေးမှု လမ်းညွှန်



မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်များ အခြေအနေ ဆန်းစစ်လေ့လာချက်



စာသင်ကျောင်းများတွင် မြေလျင်ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ပုံအဆင့်ဆင့် စာစောင်

စာသင်ကျောင်းများ ဘေးကင်းလုံခြုံရေးအတွက် မြေလျင် လက်စွဲစာအုပ်

ဇီဝမျိုးကွဲများဆိုင်ရာကွန်ဗင်းရှင်းသို့ တင်သွင်းသည့် ဆဋ္ဌမအကြိမ်မြောက် အမျိုးသား ဇီဝမျိုးကွဲဆိုင်ရာ အစီရင်ခံစာ

အတိုကောက် ဝေါဟာရများ စာရင်း

ACC	အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ASEAN	အရှေ့တောင်အာရှနိုင်ငံများအသင်း
CBPA	ဇီဝမျိုးကွဲမျိုးစုံနှင့် ကာကွယ်စောင့်ရှောက်မှုပေးထားသည့်ဧရိယာများ ထိန်းသိမ်းစောင့်ရှောက်ရေး
CBD	ဇီဝမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း
CO	နိုင်ငံဆိုင်ရာရုံး
CPD	နိုင်ငံအစီအစဉ်ဆိုင်ရာစာတမ်း
CPU	အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့
CRA	အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း
CSO	ဗဟိုစာရင်းအင်းအဖွဲ့ / အရပ်ဘက်လူမှုအဖွဲ့အစည်း
CSR	နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေး
DRR	ဘေးအန္တရာယ်လျော့ချရေး
EAO	တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
FAO	ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့
GEPA	ပြည်သူ့ရေးရာစီမံခန့်ခွဲမှုတွင် ကျား-မတန်းတူညီမျှရှိရေး
GoM	မြန်မာနိုင်ငံအစိုးရ
GRSP	ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် အုပ်ချုပ်ရေးလုပ်ငန်းစဉ် စီမံကိန်း
IDPs	ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်သူများ
JMC	ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ
KNU	ကရင်အမျိုးသားအစည်းအရုံး
LDC	ဖွံ့ဖြိုးမှုအနည်းဆုံးတိုင်းပြည်
LEAP	မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် ခေါင်းဆောင်မှု၊ ထိရောက်မှု၊ လိုက်လျောညီထွေရှိမှု နှင့် လုပ်ငန်းကျွမ်းကျင်မှု ရှိခြင်း
MLCS	မြန်မာ့နေထိုင်မှုအခြေအနေစစ်တမ်း
MNHRC	မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်
MoNREC	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
MOU	နားလည်မှုစာချွန်လွှာ
MSDP	မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း
MVR	စောင့်ကြည့်စိစစ်ရေးနှင့် ပဋိပက္ခဖြေရှင်းရေး
NBSAP	အမျိုးသား ဇီဝမျိုးကွဲမျိုးစုံ မဟာဗျူဟာ နှင့် လုပ်ငန်းစဉ်
NCA	တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်
NEP	အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ

NIF	အမျိုးသားအညွှန်းကိန်းမူဘောင်
NMSP	မွန်ပြည်သစ်ပါတီ
OHCHR	ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး
PDNA	ဘေးအန္တရာယ်အလွန် လိုအပ်ချက်များ ဆန်းစစ်လေ့လာချက်
RABP	ရခိုင်ဖရိယာအခြေပြုအစီအစဉ်
RC	ဌာနေညှိနှိုင်းရေးမှူး
RR	ဌာနေကိုယ်စားလှယ်
RSG	ရခိုင်ပြည်နယ်အစိုးရအဖွဲ့
SARL	တာဝန်ယူမှု/တာဝန်ခံမှု နှင့် တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေး
SDG	စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်
SERIP	ထိရောက်မှုရှိပြီး၊ တုံ့ပြန်ဖြည့်ဆည်းပေးသော အဖွဲ့အစည်းဖြစ်စေရေး ပံ့ပိုးကူညီမှု စီမံချက်
SGBV	လိင်ပိုင်းဆိုင်ရာ နှင့် ကျား-မရေးရာအခြေပြု အကြမ်းဖက်မှု
TDLG	မြို့နယ်အဆင့် ဒီမိုကရေစီနည်းကျ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်
UN	ကုလသမဂ္ဂ
UAGO	ပြည်ထောင်စုရှေ့နေချုပ်ရုံး
UNCTAD	ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ
UNDAF	ကုလသမဂ္ဂဖွံ့ဖြိုးမှု အကူအညီဆိုင်ရာ အခြေခံမူဘောင်
UNEP	ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်
UNFPA	ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေ
UNHCR	ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး
UNDP	ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်
UN-REDD	သစ်တောပြန်းတီးမှုနှင့် သစ်တောများ လျော့နည်းလာမှုတို့မှ ဖြစ်ပေါ်လာသော ဓာတ်ငွေ့ထုတ်လွှတ်မှုများ လျော့ချခြင်းဆိုင်ရာ ကုလသမဂ္ဂအစီအစဉ်
USCB	ပြည်ထောင်စုရာထူးဝန်အဖွဲ့
W/VTA	ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး

ရေးသားပြုစုသူ - Hans Hulst
ဂရေ်ဖစ်ဒီဇိုင်း - Karlien Truyens

Empowered lives.
Resilient nations.

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်

အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ၁၁၂၁၁
ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
ဖုန်း - +၉၅ (၁) ၅၄၂ ၉၁၀ မှ ၁၉
ဝဘ်ဆိုက် - mm.undp.org
ဖေ့စ်ဘွတ် - UNDPMyanmar
တွစ်တာ - UNDP_Myanmar

ဒီဇင်ဘာ ၂၀၁၉